# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၃၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၂၄၁)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

# Covid နှင့် လုံးပန်းနေရလို့ မိုးကာလမှာ ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးတို့လို အခြားအန္တရာယ်များကို မမေ့ထားရန် သတင်းစကားပါး

"Covid ကြောင့် ကလေးများ ပုံမှန်ထိုးရမဲ့ ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး အစီအစဉ်များ အချိန်ကျ မဆောင်ရွက်နိုင်ခဲ့၊ ကာကွယ်ဆေးများသည် ကလေးများ တစ်သက်တာအတွက် အလွန်အရေးကြီးခြင်းကြောင့် covid ကာကွယ်၊ ထိန်းချုပ်ရေးနှင့် လုံးပန်းနေရသခိုက်မှာပင် ကျန်းမာရေးဝန်ကြီးဌာနက ဒီအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်၊ ကလေးမိဘများကလည်း အထူးဂရုစိုက်ပြီး ပူးပေါင်းဆောင်ရွက်စေချင်"

နေပြည်တော် မေ ၃၀

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid နှင့် လုံးပန်းနေရလို့ မိုးကာလမှာ ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးတို့လို အခြားအန္တရာယ်များကို မမေ့ထားရန် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မုတ်သုံလေ တိုက်ခတ်ဝင်ရောက်လာပြီဖြစ်ကြောင်း၊ 'မုတ်သုံ' ဆိုတာကတော့ 'ရာသီ'လို့ အဓိပ္ပာယ်ပေါက်တဲ့ အာရာဘီ ဝေါဟာရက ဆင်းသက်လာတာဆိုတော့ 'ရာသီလေ'လို့ ခေါ်ရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ မိုးရာသီဝင်လာပြီဖြစ်ကြောင်း၊ ဒါပေမဲ့ ငယ်ငယ်တုန်းက မိုးတွင်းမျိုး မဟုတ်တော့ပါကြောင်း၊ ဒါက အသက်ကြီးသူတို့စရိုက်အရ "ဟိုး... ဒို့ငယ်ငယ်တုန်းက ဒီလို မဟုတ်ဘူး" လို့ ပြောတဲ့ စကားမျိုးမဟုတ်ဘဲ ရာသီဥတုပြောင်းလဲခြင်းကို ထောက်ပြခြင်းဖြစ်ပါကြောင်း၊ မပြောင်းလဲတာကတော့ ရာသီအလိုက်ဖြစ်ပေါ်တတ်တဲ့ ရောဂါတွေကို ကာကွယ်ဖို့ လိုခြင်းပဲဖြစ်ပါကြောင်း။

Covid နှင့် လုံးပန်းနေရလို့ မိုးကာလမှာ ဖြစ်တတ်သည့် သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးတို့လို အခြားအန္တရာယ်များကို မမေ့ထားရန်ဖြစ်ကြောင်း၊ ဖျားနာတယ်ဆိုရင် ကိုယ်ခံအား ကျဆင်းပါကြောင်း၊ ကိုယ်ခံအား ကောင်းဖို့က အခုလိုအချိန်မှာ အထူးလိုအပ်ကြောင်း၊ ဖျားနာတယ်ဆိုရင် သတိထားပြီး အနီးဆုံး ကျန်းမာရေးဌာနကို သွားပြရန်လိုကြောင်း၊ ဒါပေမဲ့ အစိုးရိမ် မလွန်ရန်လိုကြောင်း။

Covid ကြောင့် ကလေးများ ပုံမှန်ထိုးရမဲ့ ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး အစီအစဉ်များ အချိန်ကျ မဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကာကွယ်ဆေးများသည် ကလေးများ တစ်သက်တာအတွက် အလွန်အရေးကြီးခြင်းကြောင့် covid ကာကွယ်၊ ထိန်းချုပ်ရေးနှင့် လုံးပန်းနေရသခိုက်မှာပင် ကျန်းမာရေးဝန်ကြီးဌာနက ဒီအစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကလေးမိဘများကလည်း အထူးဂရုစိုက်ပြီး ပူးပေါင်းဆောင်ရွက်စေချင်ပါကြောင်း။

တစ်ခါတလေ စဉ်းစားမိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ ဘဝလုံခြုံအောင် ကြိုးပမ်းရတာဟာ ရာသီလေလို အချိန်အကန့်အသတ်နှင့်သာ တိုက်လို့ရတာမျိုး မဟုတ်၊ အမြဲတမ်း အချိန်မရွေး တိုက်ခတ်နေရမဲ့အရာပဲ ဖြစ်ပါကြောင်း။

ပြည်သူများ ရာသီမရွေး စိတ်ခွန်အား၊ ကိုယ်ခွန်အားနဲ့ပြည့်ကြပါစေ ဟု ရေးသားဖော်ပြထားသည်။

**ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ်(၂)တံတားမှ ယနေ့တွင် ၁၁၅၂ ဦး ဆက်လက်ဝင်ရောက်**

စာ ၁၆

## ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေး



ကော့သောင်း မေ ၃၀

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၇၀၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်း အလုပ်သမား ၁၂၉ ဦး ယနေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့မှ တစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။ (ဓါတ်ပုံ)

အဆိုပါ အလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှု ကာလအတွင်း နှစ်နိုင်ငံကူးသန်းသွားလာမှုများ ပိတ်သိမ်းခဲ့၍ ထိုင်းနိုင်ငံတွင် ကြန့်ကြာနေခဲ့ရခြင်းဖြစ်ပြီး ပြန်လည်

*စာမျက်နှာ ၃ ကော်လံ ၁*

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြည်တွင်းပြည်ပ မီဒီယာများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား**

စာ ၅

**တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေထုတ်ပေးမည့်အပြင် ကျန်းမာရေးကဏ္ဍအတွက်လည်း ထပ်ဆောင်းရန်ပုံငွေ ပေးအပ်မည်**

စာ ၈

# လူငယ်များ နစ်ကိုတင်းသားကောင်မဖြစ်ရေး

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်ဆိုသော စာတန်းကလေးကို မကြာမကြာ တွေ့ဖူးကြမည်ဖြစ်သည်။ စီးကရက်ဘူးခွံပေါ်တွင်လည်းကောင်း၊ ရုပ်ရှင် ရုပ်မြင်ဇာတ်လမ်းဇာတ်ဝင်ခန်းများတွင် လည်းကောင်း တွေ့ရတတ်သည်။ အဆိုပါ စာတန်းကလေးက ဆေးလိပ်သောက်နေသူများကိုလည်းကောင်း၊ အတုမြင် အတတ်သင်ဆိုသလို ဆေးလိပ်သောက်ရန် အစပျိုးနေသူတို့ကိုလည်းကောင်း သတိပေးနေခြင်း ဖြစ်သည်။

ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို မည်ကဲ့သို့ ဆိုးဆိုးရွားရွား ထိခိုက်စေသနည်းဟုဆိုလျှင် သောက်သုံးသူ၏ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းအားလုံးလိုလိုကို ထိခိုက်စေသည်ဟုပင် ဖြေဆိုရမည်ဖြစ်သည်။ ဆေးလိပ်ငွေ့တွင် ပါဝင်သည့် ဓာတုပစ္စည်းများက သွေးကြောများကို ကျဉ်းစေသည်။ သွေးလှည့်ပတ်မှုကို ထိခိုက်စေပြီး နှလုံး၏ ပုံမှန်အလုပ်ကိုလည်း အနှောင့်အယှက်ပြုသည်။ နှလုံးသွေးကြော၊ ဦးနှောက်သွေးကြောတို့ ကျဉ်းစေ၊ ပိတ်စေခြင်းတို့ကြောင့် အမောဖောက်ခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်နိုင်ခြေ မြင့်မားလာစေသည်။ အစာအိမ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာတို့နှင့်လည်း ဆက်စပ်သည်။ အရေပြားတို့ကို ရင့်ရော်စေ၍ မြန်မြန်ဆန်ဆန် အိုမင်းစေသည်။ အဆုတ်ကင်ဆာမှသည် အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါများကိုလည်း ဖြစ်ပေါ်စေသည်။ ခံတွင်း၊ လည်ချောင်း၊ သွားနှင့် သွားဖုံး၊ နှုတ်ခမ်းတို့လည်း မလွတ်စေရ။ ခံတွင်းကင်ဆာအများစုက ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်သည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဆေးလိပ်သောက်ပါက မျိုးပွားခြင်း၊ မျိုးအောင်ခြင်းတို့ကို ထိခိုက်ပျက်စီးစေသည်။

ဆေးလိပ်ကြောင့် ထိခိုက်နိုင်သည့် ကျန်းမာရေးအကြောင်း မည်သို့ပင် ပညာပေးပေး နစ်ကိုတင်းအစွဲအလမ်းက ကြီးမားသည့်အတွက်ကြောင့် ပညာပေးမှုများကို မသိယောင်၊ မမြင်ယောင်ဆောင်သွားစေသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ကောက်ယူခဲ့သည့် စစ်တမ်းအရ အသက် ၂၅ နှစ် မှ ၆၄ နှစ်အတွင်းရှိ အမျိုးသားဦးရေ၏ ၄၃ ဒသမ ၈ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သူများဖြစ်သည်။ အလုပ်လုပ်သည့် အရွယ်ကောင်း အမျိုးသားဦးရေထက်ဝက်ခန့်မှာ ဆေးလိပ်သောက်သူများ ဖြစ်ကြပြီး ဆေးလိပ်သောက်သုံးမှုနှုန်းမှာလည်း မြင့်တက်လျက်ရှိခြင်းကြောင့် လက်ရှိအခြေအနေတွင်မူ အဆများစွာ ပိုမိုမြင့်မားနေပြီဟု ယူဆရဖွယ်ရှိသည်။ ဆေးလိပ်တွင် ပါဝင်သည့် နစ်ကိုတင်းကို စွဲလမ်းသည့်အတွက်ကြောင့် ဆေးလိပ်သောက်သူအရေအတွက် အချိုးအစားကြီးမားလျှင် ကြီးမားသလောက် နိုင်ငံတွင်ရော မိသားစုများတွင်ပါ ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ပိုမိုများပြားလာမည်ဖြစ်ရာ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုတို့ကို လျှော့ချနိုင်ရေး အဘက်ဘက်မှ ဆောင်ရွက်သွားရမှာဖြစ်သည်။

တစ်ဖက်တွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများမှာ အကျိုးအမြတ်ကြီးမားစွာ ရရှိကြသည့် လုပ်ငန်းများဖြစ်သည့်အလျောက် ရာစုနှစ်နှင့်ချီပြီး လုပ်ကိုင်လာကြသည့် ကုမ္ပဏီကြီးများမှာ ၎င်းတို့ရရှိနေသည့် အကျိုးအမြတ်များကို မစွန့်လွှတ်လိုသည့်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်များ ရောင်းချနိုင်ရန် ဈေးကွက်နည်းပရိယာယ်များစွာတို့ကို နည်းမျိုးစုံအသုံးပြုလျက်ရှိကြသည်။ အထူးသဖြင့် ဆေးလိပ်သောက်သုံးမည့် မျိုးဆက်သစ်များ ရရှိရေးအတွက် လူငယ်များအကြားသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်ကာ ဈေးကွက်သစ်များ ရှာဖွေနေခြင်းပင် ဖြစ်သည်။ လူငယ်များ၏အကြိုက်၊ လူငယ်များ၏စရိုက်သဘာဝတို့နှင့် ကိုက်ညီမည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးအပါအဝင် နစ်ကိုတင်း ထုတ်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ကာ လူငယ်ထုအား ပစ်မှတ်ထား၍ ဈေးကွက်ချဲ့ထွင်လျက်ရှိရာ မြန်မာနိုင်ငံတွင် အခြေခံပညာအလယ်တန်း ကျောင်းသား ကျောင်းသူများအတွင်း၌ပင် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုအစပြုနေကြကြောင်း စစ်တမ်းကောက်ယူမှုမှ တွေ့ရှိခဲ့ရသည်။ သို့ဖြစ်သည့်အလျောက် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုအန္တရာယ် ပညာပေးအစီအစဉ်များကို အခြေခံပညာကျောင်းသားအရွယ်မှပင် စတင်ပညာပေးပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ရောင်းချမှုအဆင့်တိုင်းမှာ ထိထိရောက်ရောက် ထိန်းချုပ်သွားရန် လိုအပ်လျက်ရှိသည်။

နစ်ကိုတင်း အစွဲအလမ်းကို ငယ်ရွယ်စဉ်က စတင်တားဆီးနိုင်ခြင်းအားဖြင့် လူငယ်များ၏ ပညာသင်ယူမှုကို ကောင်းမွန်ဖြောင့်ဖြူးစေမည်ဖြစ်သလို ကျန်းမာသန်စွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် နိုင်ငံကို အကျိုးပြုစေနိုင်မည်ဖြစ်ရာ လူငယ်များအား ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်မှ ကာကွယ်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်

Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရောဝတီဘဏ်

Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်

Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊
ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## (၁၂၇) ကြိမ်မြောက် သွေးလှူ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့နေ "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဦးစန်းမောင်မြင့် (နန်းဦးလွင်-M.A Japan) (လူမှုထူးချွန်-ပထမဆင့်) (ဆရာစောယွမ်း Freelance English Interpreter & Translator) သည် မေ ၂၄ ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ၎င်းစည်းရုံးဆော်သြစုစည်းထားသော အခြားသွေးလှူရှင် ၃၃၀ တို့နှင့်အတူ စေတနာအလျောက် (၁၂၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



မြန်မာ့အလင်း

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ မိုး/ဇလ

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို " တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့" ဆောင်ပုဒ်ဖြင့် ကျင်းပမည်

နေပြည်တော် မေ ၃၀

၂၀၂၀ ပြည့်နှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Digital Campaign တစ်ရပ်အား "တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့ " ဆောင်ပုဒ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် FM radio လိုင်းမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း၊ WED 2020 Quiz (Facebook Live) မေး/ဖြေ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်တို့အား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန်နှင့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website ဖြစ်သော www.ecd.gov.mm နှင့် facebook page (Environmental Conservation Department - ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

Digital Campaign နှင့်အတူ "အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (National Clean and Green School Award) ချီးမြှင့်ခြင်းနှင့် အိမ်တိုင်ရာရောက် ပျိုးပင်များဖြန့်ဝေ၍ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်တို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက






ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း ၊ တံတားနှင့် ကျေးလက်လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း ၊ တံတားနှင့် ကျေးလက်လမ်း / တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်း၊ အဆောက်အဦ၊ လမ်း၊ တံတား၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်း၌ Video Conferencing ဖြင့် ချိတ်ဆက်၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် “လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး”၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းတိုးတက်မှု၊ ကိုဗစ်-၁၉ ကာလ အလွန် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များ၊ မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

### ရှင်းလင်းတင်ပြ

ရေးဦးစွာ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးစံမင်းအောင်က မကွေးတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ် လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းတိုးတက်မှု အခြေအနေ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်လျက်ရှိသော လမ်း ၊ တံတား အခြေအနေနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အဖွဲ့ (၃) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးအောင်က ဧရာဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး အတွက် စမ်းသပ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းခွင် အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

### Video Clip ဖြင့်ပြသ

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၅) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ညိုက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းများဆောင်ရွက်နေမှု၊ မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်ရှိ အရှည်ပေ ၁၃၀၀ မုန်းချောင်းတံတား (ပွင့်ဖြူ)နှင့် ပခုက္ကူ-ဆိပ်ဖြူ လမ်းပေါ်ရှိ အရှည်ပေ ၉၀၀ ယောချောင်းတံတား (ကံတွင်း) တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ပြီးစီးမှု၊ မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်ရှိ အရှည်ပေ ၁၄၂၀ နွယ်တမယ်တံတား တည်ဆောက်နေမှု ၊ ပုသိမ်-မုံရွာ လမ်းပေါ်ရှိအရှည်ပေ ၄၂၀ မန်းချောင်းတံတား တည်ဆောက် ပြီးစီးမှု၊ တိုင်းဒေသကြီးအတွင်းရှိ တံတား ကိုးစင်း တည်ဆောက်နေမှုတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြ ပြီး တံတားတည်ဆောက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၃) မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်နိုင်ကိုကို က မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးစီးသော တံတားများ ၊ တည်ဆောက်ဆဲ တံတားများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းစန်းလှိုင်က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ၊ ရေ့ပြေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ငွေးကုန်း-ဝက်ချုပ်-နက်မောက်လမ်း (ရေနံချောင်းမြို့နယ်အပိုင်း) နှင့် (နတ်မောက်မြို့နယ်အပိုင်း) (၂၉/၇)မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြို့သစ်မြို့နယ် ၊ မြို့သစ်-မကြီးချိုလမ်း (၂/၄) မိုင်ကို ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မင်းဘူးမြို့နယ် မင်းဘူး-ကျောက်တန်းလမ်းမှ ရေးတွင်းကုန်းကျေးရွာ ဆက်သွယ်သောလမ်းပေါ်ရှိ ဆားဖွက်ချောင်းတံတား Submersible Bridge ပေ ၄၃၀ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ကံမမြို့နယ် ရေနံ့သာ-ကျီးမီးလမ်း (၄/၂) မိုင်ကို ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ၎င်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၆၅ ပေ တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရေစကြိုမြို့နယ် တောင်အို-ရှင်မတောင်လမ်း တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ မောက္ကလန်ကျေးရွာမှ ကိုရင့်လမ်းပေါ်ရှိ ကွန်ကရစ်ရေကျော် ပေ ၁၀၀ တစ်စင်း တည်ဆောက်ခြင်းနှင့် ပခန်းငယ်- ကြူရွာလမ်း (၃/၅) မိုင် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ချောက်မြို့နယ် မြေနီလိန်-စွယ်ပေါက္ကံ-(ချောက်-မကွေး) လမ်း တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဂန့်ဂေါမြို့နယ် ပဆင-တောင်ခင်ရန်း-သာလင်း-မြင်သား လမ်းပေါ်ရှိ မြစ်သာမြစ်ကူး ဘေလီတံတား ပေ ၈၁၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပေါက်မြို့နယ် ကျွန်းရင်း-လယ်သာဝလမ်း ပေ ၁၀၀ ရေကျော် တည်ဆောက်ခြင်းလုပ်ငန်း ၊ ကျွန်းရင်း-လယ်သာဝလမ်း (ဆိပ်ဖြူနယ်စပ်) (၁/၄) မိုင်ကို ပေ ၄၀ အကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ သမားတော်-ထန်းပေါက်ကုန်း-ကျောက်တိုင်ခင်း လမ်း (၅/၄) မိုင်ကို ၂၄ ပေ အကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်း ၊ မြိုင်မြို့နယ် ၊ ကွမ်းတော-ကံကြီးတော-ထနောင်းခလှ-လက်ဆည်ကန်-ဒေါင်းအိုကြီး-ဝါးသုံးအိုင်-မကျီးစု လမ်း (၁၀/၆) မိုင် မြေသားလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

### အိမ်ရာစီမံကိန်းလုပ်ငန်း

ထို့နောက် မကွေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မှ ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်က မကွေးတိုင်း ဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့ (၅) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုးက မကွေးမြို့ ပြည်သူ့ဆေးရုံတိုးချဲ့ ငါးထပ်ဆောင် တည်ဆောက်ပြီးစီးမှု၊ ခြံစည်းရိုးနှင့် ယာဉ်ရပ်နားနေရာ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အဦစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် အဆောက်အဦ ၊ လမ်း ၊ တံတားနှင့် ကျေးလက်လမ်း၊ တံတားများ တိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း ၊ ဆက်လက်၍ လုပ်ငန်းများတိုးတက်ရန်နှင့် အရည်အသွေးပြည့်မီရန် ဆောင်ရွက်စေလိုကြောင်း၊ အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် အဆောက်အဦလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ မိုးရွာလျှင် ရေစီးရေလာကောင်းမွန်ရေး တာဝန်ရှိသူများက ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးပေးရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းပြီး လမ်းဘေးဝဲယာတွင် သစ်ပင်များစိုက်ပျိုးပေးစေလိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

ဝင်ရောက်လာသူအများစုမှာ ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်မြို့မှ လာရောက်ခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက ရောဂါသံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်းရှိ မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိမရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများမှ အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေထိုင်ကြသူများအား မိမိတို့နေထိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များ အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်များရှိ Community Based Facility Quarantine Center များတွင် Facility Quarantine ၂၁ ရက်နှင့် Home Quarantine ခုနစ်ရက် ထားရှိ စောင့်ကြည့်မှုခံယူကြရမည်ဖြစ်ပြီး ကော့သောင်းဒေသခံများကို ကော့သောင်း မြို့ရှိ Facility Quarantine Center များတွင် Facility Quarantine ၂၁ ရက်နှင့် Home Quarantine ခုနစ်ရက် ဆက်လက်ထားရှိစောင့်ကြည့်ပြီး Swab နမူနာများကို အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်စွမ်းရည်သရုပ်ပြသမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး မုခ်ဦးရှေ့၌ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၏ အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်စွမ်းရည် သရုပ်ပြနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါ အဝေးထိန်းစက်ရုပ်မီးသတ်ယာဉ် LUF-60 (Robotic Fire Fighting Vehicle) သည် ပိုလန်နိုင်ငံထုတ် ယာဉ်အမျိုးအစားဖြစ်ပြီး စက်သုံးဆီသိုလှောင်ကန်ကြီးများ မီးလောင်မှု၊ ရေနံထွက်ပစ္စည်းထုတ် စက်ရုံ/အလုပ်ရုံများနှင့် သိုလှောင်ရုံများမီးလောင်မှု၊ အထပ်မြင့်အဆောက်အအုံ များရှိ Basement Car Parking များအတွင်း မီးလောင်မှုများ နှင့် လူနေအိမ်အဆောက်အအုံအများအပြား မီးလောင်မှုများ တွင် ထိရောက်စွာ ချဉ်းကပ်ငြှိမ်းသတ်နိုင်ခြင်း၊ မီးခိုးငွေ့နှင့် အဆိပ်ငွေ့များ ထူထပ်သိပ်သည်းစွာ ပိတ်မိနေသော မီးလောင်မှုကြီးများတွင် မီးခိုးငွေ့နှင့် အဆိပ်ငွေ့များကို အလျင်အမြန် ရှင်းလင်းဖယ်ရှားနိုင်ခြင်း၊ အောက်ဆီဂျင် ပြတ်တောက်နေသော နေရာများတွင် အောက်ဆီဂျင် ထည့်သွင်းပေးနိုင်ခြင်း၊ အပူလှိုင်းဖြတ်၍ ရာသီဥတုပူပြင်း လွန်းသည့်ကာလများတွင် ရေမှုန်ရေမွှားဖြင့် အအေးပေးပြီး အပူရှိန်လျှော့ချပေးခြင်းအပြင် သုံးတန် အလေးချိန်ရှိ ယာဉ်များကိုလည်း အလွယ်တကူ ဆွဲထုတ်နိုင်ခြင်း၊ ၆၀၀ ကီလိုဂရမ်အလေးချိန်ရှိ အရာဝတ္ထုပစ္စည်းများကိုပါ အလွယ်တကူ မ တင်ဖယ်ရှားခြင်းလုပ်ငန်းများကို အဝေးထိန်း ခလုတ်ဖြင့် ထိန်းချုပ်၍ လျင်မြန်ထိရောက်စွာ လုပ်ဆောင်နိုင်ကြောင်း သိရသည်။

၎င်းအဝေးထိန်းစက်ရုပ်မီးသတ်ယာဉ် LUF-60 (Robotic Fire Fighting Vehicle) ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၂၈၄ သိန်းဖြင့် ဝယ်ယူပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**







# ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အဖွဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း

**တောင်ကြီး မေ ၃၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းနှင့် အရာထမ်း ဝန်ထမ်းများ၊ ပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့မှ ပရဟိတ အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက လားရှိုးမြို့အထက် မန်အိုင်ကျေးရွာသို့ ရောက်ရှိပြီး အထက်မန်အိုင် ဘုန်းတော်ကြီးကျောင်းသို့ ဆန် ငါးအိတ်၊ ဆီ တစ်ပုံး၊ ဆား တစ်အိတ်၊ ကုလားပဲ တစ်အိတ်တို့ကို လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့အပြင် မြန်မာ၊ ကချင်၊ ရှမ်း၊ ပလောင်၊ ကိုးကန့်၊ တအာင်း စသည့် အခြေခံ တိုင်းရင်းသားပေါင်းစုံ အိမ်ထောင်စု ၈၆၃ စုတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၈၆၃ ထုပ်နှင့် ငွေကျပ် ၁၀၀၀၀ စီ လှူဒါန်းသည်။ ဆက်လက်၍ လားရှိုးမြို့ ကန်မိန်းဘုန်းတော်ကြီး ကျောင်းသို့ ဆန် ငါးအိတ်၊ ဆီပုံး၂၀၊ ဆား ခြောက်အိတ်၊ ကုလားပဲ ခြောက်အိတ်နှင့် လားရှိုးမြို့ မန်းပွဲကျေးရွာ အနီး ဟိန္ဒူသီရိသျှီဝ ရှန်ခိုက်ဘုရားကျောင်းသို့ ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ကုသရေးကော်မတီသို့ အလှူငွေကျပ် ၁၀ သိန်းစီ၊ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းခဲ့ပြီး ကမ္ဘောဇဘဏ်လီမိတက် နာယကက လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်ကြောင်း သိရသည်။

**စိုးညွန့်ရွှေ(ပြည်နယ်ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မင်းသားချောင်းကူးနှင့် လယ်ကြီးကျေးရွာအဝင် ကွန်ကရစ်တံတားကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ပြုပြင်

**ထားဝယ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် မင်းသားကျေးရွာအုပ်စု အိန္ဒရာဇာ-ဆင်ကူး-လယ်ကြီး-မင်းသား-ဆင်စွယ်-ရေင်ကြီး-စိန်ဘုံ ကျေးရွာချင်းဆက် လမ်းပေါ်ရှိမင်းသား ချောင်းကူးနှင့် လယ်ကြီး ကျေးရွာအဝင် R.C.C ကွန်ကရစ်တံတား ပေ ၆၀ နှစ်စင်းနှင့် (၅x၅x၂၆) ပေ Box Culvert တစ်စင်းတည်ဆောက်ခြင်း၊ ယင်းလမ်းပေါ်ရှိ ရေကျော်၍ ပျက်စီးနေသည့် လမ်းပိုင်း (၀/၄)မိုင် ပြင်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ထားဝယ်)၊ တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဦးရန်လင်းအောင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းညွှန်ကြားချက်များ ဆွေးနွေးမှာကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာ ၄၀ အကျိုးပြု ပျက်စီးနေသော မြေသားလမ်း ပြုပြင်ပါက ပင်လယ်ပိုင်းကုန်စည်များပါ ရောင်းဝယ်ဖောက်ကားနိုင်မည်

**မော်လမြိုင်ကျွန်း မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မော်လမြိုင်ကျွန်း လှိုင်းဘုန်း ပြင်စလူအဝေးပြေးကားလမ်းမကြီးနှင့် တိုက်ရိုက်ချိတ်ဆက်သွားလာနိုင်သော ကျေးရွာ ၄၀ အကျိုးပြုအရေးပါသောဆက်သွယ်ရေး မြေသားတာလမ်းမကြီးမှာ ယခုအခါ ပျက်စီးလျက် ရှိနေသည်။

ယင်းဆက်သွယ်ရေးမြေသားတာလမ်းမကြီးမှာ မော်လမြိုင်ကျွန်းမြို့မှ လပွတ်ကွဲနုံးတန်း၊ ဝါးနက်ချောင်း၊ လပွတ်လွဲ တဲချောင်း၊ အောင်လှိုင်၊ နုံးကျွန်၊ လေးထပ်ကြီး၊ သူရဲချောင်းနှင့် ရှောက်ချောင်းကျေးရွာများ အပါအဝင် ကျေးရွာပေါင်း ၄၀ ရွာတို့မှာ အဝေးပြေးတာလမ်းမကြီးသို့ ဆက်သွယ်သွားလာနိုင်သော မြေသားတာလမ်းမကြီးဖြစ်သည်။

ယင်းမြေသားတာလမ်းမကြီးမှာ နှစ်ပေါင်းများစွာ ပျက်စီးနေသဖြင့် ဒေသခံပြည်သူများ သွားလာရေး အခက်အခဲရှိနေကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် နယ်မြေအမှတ် (၄) နှင့် အမှတ် (၅) နယ်မြေရှိ ဒေသခံပြည်သူများအတွက် အရေးပါသော ဆက်သွယ်ရေးမြေသားတာလမ်းမကြီးကို မွမ်းမံပြုပြင် ဆောင်ရွက်ပါက နယ်မြေခံပြည်သူများအပြင် ပင်လယ်ပိုင်းဒေသနေပြည်သူများ၏ ပင်လယ်ထွက်ကုန်စည်များကို ဆက်သွယ်ရောင်းဝယ်နိုင်ပြီး မော်လမြိုင်ကျွန်းမြို့ဈေးအမီ ပို့ဆောင်ရောင်းဝယ်နိုင်မည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

## ထူးခြားသည့် နေ့အပူချိန်များ

၃၀ - ၅ - ၂၀၂၀

တပ်ကုန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီနှင့် ချောက်မြို့နှင့် မြဝတီမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန် များမှာ ချောင်းဆုံမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ လောင်းလုံး မြို့တွင် ၄ ဒသမ ၂၀ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၆၆ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ပျဉ်းမနား(ဝဲကြီး)တွင် ၂ ဒသမ ၀၁ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ပုသိမ်ကြီး(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၆၅ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ အမရပူရ(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၅၀ လက်မ၊ မိတ္ထီလာမြို့နှင့် မြစ်ငယ်မြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီနှင့် စစ်ကိုင်းမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၃၇ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြည်တွင်းပြည်ပ မီဒီယာများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

နေပြည်တော်  မေ ၃၀

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့် မီဒီယာသမားများသိရှိလိုသည့် မေးခွန်းများကို ရှင်းလင်းပြောကြားသည်။**

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ ကိုဗစ် -၁၉ Positive တွေ့ရှိလူနာ ၁၇ ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လာသည့် နေရပ်ပြန်များဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ Positive တွေ့ရှိသူ စုစုပေါင်း ၂၂၄ ဦးရှိပြီး ရောဂါကင်းစင်သူ စုစုပေါင်း ၁၃၀ ရှိပြီဖြစ်ကြောင်း၊ ရောဂါပျောက်ကင်းပြီး ဆေးရုံမှ ဆင်းခွင့်ရသူ ၁၂၂ ဦးရှိပြီး သေဆုံးသူ ၆ ဦး ဖြစ်ပါကြောင်း၊ ကိုဗစ် -၁၉ နှင့် ပတ်သက်၍ ပြည်သူသို့ပန်ကြားချက်၊ အမိန့်ကြေညာစာနှင့် ညွှန်ကြားချက်များ၊ ထုတ်ပြန်ခဲ့သည့် စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက မေ ၂၈ ရက်နေ့တွင် သတ်မှတ်ထားသည့် အမိန့်ကြေညာစာများ၊ ညွှန်ကြားချက်များနှင့် ပြည်သူသို့ ပန်ကြားချက်များကို ဇွန် ၁၅ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါကြောင်း။

### ဇွန်လ ၁ ရက်မှစတင်ကာ ဝန်ထမ်းအင်အားပြည့် တာဝန်ထမ်းဆောင်ရန် ညွှန်ကြားထား

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မေ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်လေးမြို့နယ်ဖြစ်သည့် ဗဟန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့ကို Stay Home သတ်မှတ်ချက်မှ ပယ်ဖျက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် မေ ၂၈ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးနှင့် နေပြည်တော်ကောင်စီတို့ကို ညွှန်ကြားချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းမှာ ဇွန်လ ၁ ရက်မှစတင်ကာ ဝန်ထမ်းများကို မူလအင်အားအတိုင်း ရုံးလုပ်ငန်းများကို ပြန်လည်တာဝန်ထမ်းဆောင်ရန်၊ တာဝန်ထမ်းဆောင်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ရုံးကြိုပို့သည့် ဖယ်ရီကားများတွင် Social Distancing ဖြစ်ရန်အတွက် လိုက်ပါမည့်သူ အင်အားတစ်ဝက်စီကို တစ်နာရီခြား ကြိုပို့ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ယခင်က ဝန်ထမ်းအင်အား တစ်ဝက် ရုံးတက်၊ တစ်ဝက် Stand By ပုံစံဖြင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ လာမည့် ဇွန်လ ၁ ရက်မှစတင်ကာ ဝန်ထမ်းအင်အားပြည့် တာဝန်ထမ်းဆောင်ရန် ညွှန်ကြားထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက မြန်မာနိုင်ငံက ICJ သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာကိစ္စ၊ ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေ၊ ဗိုလ်တထောင်ဘုရားတွင် ပွဲလမ်းသဘင်အခမ်းအနား ပြုလုပ်ခဲ့မှုနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေ၊ အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံနေရသော အစ္စလာမ်ဘာသာရေးအခမ်းအနား တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံသားများ၏ နောက်ဆုံးအခြေအနေ၊ စစ်တွေမြို့နယ် စက်ရုံစုရပ်ကွက် မီးလောင်ပြင်နေရာတွင် လာရောက်ကျူးကျော်နေထိုင်ကြသူများအား ဖယ်ရှားနေမှုနှင့် စက်ရုံစုရပ်ကွက် အုပ်ချုပ်ရေးမှူး လုပ်ကြံခံရမှုကိစ္စ၊ မြောက်ဦးမြို့နယ် လက်ကာကျေးရွာရှိ နေအိမ်များ မီးရှို့ဖျက်ဆီးခံရမှုအား စုံစမ်းဖော်ထုတ်နေမှုအခြေအနေ၊ အစိုးရအုပ်ချုပ်ရေးယန္တရားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များအားလုံး ရခိုင်ပြည်နယ်အတွင်းက ထွက်သွားပေးရန် AA ၏ သတိပေးထုတ်ပြန်ချက်ကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်များ အခြေစိုက်သည့်နေရာများတွင် တပ်မတော်က ကိုဗစ် -၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် အကူအညီများ ပေးနေမှုကိစ္စ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြန်လည်ဖြစ်ပေါ်လာသည့် တိုက်ပွဲများနှင့်စပ်လျဉ်း၍ တိုက်ပွဲရှောင်များကို ကိုင်တွယ်နေမှု၊ ကိုဗစ်-၁၉ ကာလအတွင်း ထပ်မံထောက်ပံ့မည့် ပမာဏ၊ ထောက်ပံ့မည့်အချိန်နှင့် ထောက်ပံ့မည့်သူရွေးချယ်သွားမည့်စံနှုန်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အသေးစိတ် အစီအစဉ်နှင့် စီမံဆောင်ရွက်နေမှု အခြေအနေ၊ ဇွန်လ ၁ ရက်မှစတင်ပြီး ဖြေလျှော့သွားမည့် အစီအစဉ်များ၊ ကျောက်ဖြူရှိ ကျောက်တစ်လုံး ဒုက္ခသည်စခန်း ပြောင်းရွှေ့ရန်စီစဉ်နေမှု၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ဆောင်နေမှုရပ်တန့်ထားသည့်နောက်ဆုံးအခြေအနေ၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းနေမှု၊ ကိုဗစ်-၁၉ တိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ဝေဖန်မှုများရှိနေမှု၊ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများစာရင်းတွင် တပ်မတော်အရာရှိဟောင်းများ ပါဝင်နေမှု၊ ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးအတွက် ချေးယူထားသည့် ငွေများအား သုံးစွဲနေမှု မေးခွန်းများကို မေးမြန်းကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ ရှင်းလင်းပြောကြားစဉ်။

### တာဝန်ပျက်ကွက်သည့် ရဲအရာရှိများအား အရေးယူ

ဗစ်တိုးရီးယားအမှုတွင် တာဝန်ပျက်ကွက်သည့် ရဲအရာရှိများအား အရေးယူဆောင်ရွက်ထားမှု အခြေအနေနှင့်စပ်လျဉ်း၍ ဗစ်တိုးရီးယားအရေးကိစ္စအပေါ် အဓိက တာဝန်ရှိသည့် ရဲအရာရှိကို အရေးယူထားသည်ဟု ပြန်လည်ဖြေကြားထားပါကြောင်း၊ တိတိကျကျပြောရပါက အဓိက တာဝန်ရှိသည့် ရဲအရာရှိ (၃)ဦးကို အရေးယူထားပါကြောင်း၊ ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်းပြစ်ဒဏ်ဖြင့် အရေးယူထားသည်ဟု မိမိတို့ကို တင်ပြထားပါကြောင်း။

အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံနေရသော အစ္စလာမ်ဘာသာရေး အခမ်းအနား တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံသားများ၏ နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ အစ္စလာမ်ဘာသာရေးအခမ်းအနားတစ်ခုကို တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံသားများကို ဂါယာတွင်ရှိသည့် လူဝင်မှုကြီးကြပ်ရေးက ကယ်ဆယ်ရေးလေယာဉ်လွှတ်လိုက်သည့် အချိန်တွင် လိုက်ပါခွင့်မပေးတော့ပါကြောင်း၊ ယခု လောလောဆယ်အခြေအနေမှာ ၎င်းတို့ကို ကူးစက်ရောဂါ အက်ဥပဒေ၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာဥပဒေ၊ ကမ္ဘာလှည့်ခရီးသွားဥပဒေတို့ဖြင့် အမှုဖွင့်ထားပြီး ဂါယာတွင်ရှိသည့် ဟိုတယ်တစ်ခုတွင် ထိန်းသိမ်းထားကြောင်း၊ အလားတူ အစ္စလာမ်ဘာသာရေးအခမ်းအနားကို ဦးဆောင်ကျင်းပခဲ့သည့် အိန္ဒိယမှ ဘာသာရေးခေါင်းဆောင် ၆ ဦးကိုလည်း တရားစွဲဆိုထားသည်ဟု သိရှိရပါကြောင်း၊ နိုင်ငံပေါင်း ၃၄ နိုင်ငံက ရာနှင့်ချီပါဝင်သည့် နိုင်ငံခြားသားများကိုလည်း တရားစွဲထားသည်ဟု သိရှိရပါကြောင်း၊ အစ္စလာမ်ဘာသာရေးအခမ်းအနား တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံသား ၂၂ ဦးနှင့်ပတ်သက်၍ သံရုံးက စောင့်ကြည့်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနကို ပြန်လည်တင်ပြမည်ဖြစ်ပါကြောင်း။

### ကျောက်တစ်လုံးဒုက္ခသည်စခန်းကိစ္စ

ကျောက်တစ်လုံးဒုက္ခသည်စခန်းကိစ္စအပေါ် အစိုးရ၏ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ကျောက်တစ်လုံးဒုက္ခသည်စခန်းကိစ္စအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်နေပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် IDP Camp များနှင့် ပတ်သက်၍ Strategy တစ်ခု ရေးဆွဲပါကြောင်း၊ ယင်းသို့ရေးဆွဲရာတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများဖြင့် Consultation ပြုလုပ်ထားပါကြောင်း၊ National Plan Strategy တစ်ခုကို တစ်နိုင်ငံလုံးလွှမ်းခြုံ၍ ရေးဆွဲထားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်ဆိုင်သည့် ဒေသများကို အခြေခံ၍ Action Plan ကို ဆက်လက်ရေးဆွဲနေပါကြောင်း။

ယင်းသို့ရေးဆွဲရာတွင် ဒေသတစ်ခုနှင့်တစ်ခု မတူပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ရွှေ့ပြောင်းစီမံချက် ဆောင်ရွက်ပါကြောင်း၊ ကျောက်တစ်လုံး Camp သည် ၂၀၁၂ ခုနှစ်ကတည်းက ရောက်ရှိနေသူများဖြစ်ပါကြောင်း၊ ယင်းကို ရခိုင်ပြည်နယ်တွင်ရှိသော IDP Camp များ Closing Action Plan အတွက် ရွှေ့ပြောင်းစီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်အခါတွင် Camp တွင် နေထိုင်သူများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဝန်ကြီးချုပ် ဦးညီပု တို့ကိုယ်တိုင်သွားရောက်၍ Consultation များ ဆောင်ရွက်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအဆင့်၊ ဝန်ကြီးချုပ်အဆင့် Consultation ပြုလုပ်ပြီး ရွှေ့ပြောင်းရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တချို့မှာ မူလနေရာသို့ ပြန်ချင်ပါကြောင်း၊ ဖြစ်နိုင်ပါက မူလနေရာပြန်ထားပါက ကောင်းမွန်ပါကြောင်း၊ သို့သော် ကျောက်ဖြူ ကျောက်တစ်လုံး အနေအထားသည် မူလနေရာများသို့ ပြန်လည်နေထိုင်ရန် သဟဇာတဖြစ်၊ မဖြစ်ကို ကြည့်ရပါကြောင်း၊ လက်ရှိ Camp တွင် နေထိုင်သည့်နေရာထက် ပိုပြီးအဆင်ပြေစေရန် ထားရှိဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း လွှတ်တော်သို့ ရှင်းပြထားပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ကမ်းပတ်ကာကွယ်ရေး ဆောင်ရွက်ရပါကြောင်း၊ မိုးတွင်းတွင် ကမ်းပတ်ကာကွယ်ရေး မလုပ်နိုင်ပါက မူလမြေရှင်းထားသည့်နေရာသည် အစမှပြန်စရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နေသည့်အချိန်တွင် တချို့ IDP Camp မှ ပုဂ္ဂိုလ်များသည် အထင်လွဲကြပါကြောင်း၊ အတင်းဆောက်လုပ်ပြီး ရွှေ့ပြောင်းမည်မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်သည့် အချိန်တွင် ရပ်လိုက်မည်ဆိုပါက မိုးရာသီရောက်ရှိပြီး မိုးရေဝင်သွားပါက နိုင်ငံတော်အတွက် နစ်နာမှုကြီးမားပါကြောင်း၊ ထို့ကြောင့်ပြီးစီးအောင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် Consultation ထပ်မံဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၎င်းတို့နှင့် တွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်ရှိမှုနှင့် စိုးရိမ်မှုအခြေအနေများကို ဆွေးနွေးမည်ဖြစ်ပါကြောင်း။

ကျောက်တစ်လုံး Camp သည် ရွှေ့ပြောင်းစီမံချက်ဖြစ်သည့်အတွက် အကောင်း၊ အဆိုး သင်ခန်းစာယူပြီး Action Plan များ ရေးမည်ဖြစ်သည့်အတွက် အရေးကြီးပါကြောင်း၊ Camp အတွင်းတွင်လည်း မိမိတို့သိရှိသည်မှာ နေရာသစ်သို့ ရွှေ့လိုသည့် သူများလည်းရှိပြီး လက်ရှိ Camp တွင်လည်း နေချင်သည့်သူများရှိပါကြောင်း၊ မူလနေရာသို့ ပြန်လိုသည့် သူများနည်းပါကြောင်း၊ တချို့အနေဖြင့် ၎င်းတို့၏ မူလနေရာကို ရောင်းချလိုက်ပါကြောင်း၊ လက်ရှိတွင်လည်း အတင်းအကျပ် ပြောင်းရွှေ့သည်ဆိုသည့်ပုံစံမျိုး မလုပ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၃) ကို လာမည့်ညီလာခံတွင် ချုပ်ဆိုမည်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်ပါကြောင်း၊ အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် EAO များအကြားတွင် အစည်းအဝေး နှစ်ကြိမ်ကျင်းပပြီးဖြစ်ပါကြောင်း၊ အလွတ်သဘော ဆွေးနွေးမှုများလည်း မကြာခဏလုပ်ပါကြောင်း၊ သဘောတူထားသည်မှာ ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်း(၃) ကို လာမည့်ညီလာခံတွင် ချုပ်ဆိုမည်ဖြစ်ပါကြောင်း၊ ချုပ်ဆိုရာတွင် အပိုင်း သုံးပိုင်းပါဝင်မည် ဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးထားသည့်အချက်များမှာ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်တွင် အချက် (၁၀) ချက် သဘောတူထားပါကြောင်း၊ နှစ်ဖက်လက်ခံသည့် ဘုံသဘောတူညီချက် အချက် (၁၀) ချက် ဖြစ်ပါကြောင်း၊ နောက်ထပ် (၁၀) ချက်ကိုလည်း ညှိနှိုင်းဆဲ ဖြစ်ပါကြောင်း၊ ယင်း (၁၀) ချက်တွင် အစိုးရနှင့် EAO နှစ်ဖက် သဘောထားများကို ညှိနှိုင်းရာတွင် အချက်လေးငါးချက် သဘောတူညီမှု ရနိုင်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲအလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို ဆွေးနွေးရာတွင် ခေါင်းစဉ်ကြီး ၈ ခုရှိပါကြောင်း၊ အချက် ၇ ခု သဘောတူညီထားပြီး နောက်ဆုံးတစ်ချက်မှာ လုံခြုံရေးကိစ္စဖြစ်ပါကြောင်း၊ လုံခြုံရေးကိစ္စတွင် တပ်မတော်နှင့် အစိုးရဘက်မှ NCA တွင် ပါရှိသည့်အတိုင်း လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းဆိုသည့် ခေါင်းစဉ်ဖြင့်သွားလိုပါကြောင်း၊ EAO ဘက်မှ ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ လုံခြုံရေးစနစ်ခေါင်းစဉ်ဖြင့် သွားလိုပါကြောင်း၊ ယင်းအနေအထားတွင် နှစ်ဖက်ညှိနှိုင်းဆဲဖြစ်ပါကြောင်း။

နောက်တစ်ချက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က NCA လေးနှစ်ပြည့် အခမ်းအနား၌ ပြောကြားခဲ့ရာတွင် ဖက်ဒရယ် တည်ဆောက်ရေးဆိုင်ရာ မူ ၅ ချက် ပါဝင်ပါကြောင်း၊ ယင်း ၅ ချက်ကို EAO များဘက်က လက်ခံပါကြောင်း၊ ယင်းကို တင်ပြရန် သဘောတူပါကြောင်း၊ မိမိတို့အဆိုပြုထားပါကြောင်း၊ ယင်း ၅ ချက်မှာ ဖက်ဒရယ်တည်ဆောက်ရေးအတွက် များစွာအထောက်အကူပြုသည်ဟု EAO များဘက်ကလည်း ပြောကြားပါကြောင်း၊ (၂၁) ရာစုပင်လုံကျင်းပရေးနှင့်ပတ်သက်၍ အစည်းအဝေးကျင်းပရန် မိမိတို့အဆိုပြုထားပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုဝင်ဘာလတွင် ကျင်းပမည်ဟု ထုတ်ဖော်ပြောကြားထားပါကြောင်း၊ ထို့အတွက် ရွေးကောက်ပွဲမတိုင်ခင် ၃ လကို Campaign ကာလအဖြစ်သတ်မှတ်ပေးပါကြောင်း၊ ထို့ကြောင့် ဩဂုတ်၊ စက်တင်ဘာ အောက်တိုဘာမှာ Campaign ကာလဖြစ်သွားမည်ဖြစ်သည့်အတွက် ညီလာခံကို နောက်အကျဆုံး ဇူလိုင်လတွင် ကျင်းပရန် အဆိုပြုပါကြောင်း၊ ထိုသို့ကျင်းပရာတွင်လည်း ညီလာခံကိုယ်စားလှယ်များအား လွှတ်တော်ကိုယ်စားလှယ်များကဲ့သို့ ငါးရက်ကြိုတင်ခေါ်ယူမည်ဖြစ်ပါကြောင်း။

### UPDJC နှင့် JICM အစည်းအဝေးများခေါ်ယူရန်ရှိ

တစ်ချိန်တည်းတွင် ထိုင်းအစိုးရနှင့်ညှိနှိုင်းပြီး EAO ခေါင်းဆောင်များ အများစုနေထိုင်သည့် ထိုင်းနိုင်ငံချင်းမိုင်သို့ မြန်မာလေယာဉ်စေလွှတ်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တာချီလိတ်မှ နေပြည်တော်သို့ လေယာဉ်ဖြင့် တိုက်ရိုက်လာနိုင်ရန်လည်း အဆိုပြုထားပါကြောင်း၊ ယခင် ညီလာခံကျင်းပရာတွင် အစိုးရနှင့်လွှတ်တော်က ၁၅၀၊ တပ်မတော်ဘက်မှ ၁၅၀၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ၁၅၀၊ EAO ဘက်မှ ၁၅၀၊ ပါဝင်သင့် ပါဝင်ထိုက်သူများက ၅၀၊ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ ၅၀ တို့ တက်ရောက်ကြပါကြောင်း၊ သို့သော်လည်း ယခုကျင်းပမည့်အခါတွင် မိမိတို့

*စာမျက်နှာ ၇ သို့*

# ဆေးလိပ်ငွေ့ကင်းစင်သော လုပ်ငန်းခွင်များမှသည် ...

ဖေနှင်းငွေ




**"လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်သုံးရေးကို စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်း စသည့်လုပ်ငန်းခွင်အသီးသီးရှိ လုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် လုပ်ငန်းခွင်ကျန်းမာရေးဌာနတိုင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်သင့်"**

ဆေးလိပ်သည် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တွင် ရှေးနှစ်ပေါင်းများစွာမှစ၍ အိမ်ဦးခန်းတွင်ရှိခဲ့သည်။ ဧည့်သည်များအား ဧည့်ခံရာတွင် ကွမ်း၊ ဆေးလိပ်၊ လက်ဖက်တို့သည် ရိုးရာအစဉ်အလာ ယဉ်ကျေးမှုတစ်ခု ဖြစ်ခဲ့သည်။ ဘိုးဘွား၊ မိဘများက လူငယ်များကို ဆေးလိပ်မီးညှိခိုင်းခြင်း၊ ဆေးလိပ်ဝယ်ခိုင်းခြင်းတို့ဖြင့် ငယ်စဉ်မှစ၍ ဆေးလိပ်နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ကြရသည်။ မြန်မာနိုင်ငံတွင် သက္ကရာဇ် ၉၉၁ ခုနှစ် သာလွန်မင်းတရားကြီးလက်ထက်မှစ၍ ဆေးလိပ်သောက်သုံးမှု စတင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

၂၀၁၄ ခုနှစ် သုတေသန စစ်တမ်းများအရ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီး အမျိုးသား ၄၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၈ ဒသမ ၄ ရာခိုင်နှုန်းသည် လတ်တလော ဆေးလိပ်သောက်နေသူများ ဖြစ်ကြသည်။ ထိုအထဲမှ အမျိုးသား ၃၁ ဒသမ ၁ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၆ ရာခိုင်နှုန်းသည် မိမိတို့အိမ်များတွင်လည်းကောင်း၊ အမျိုးသား ၃၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၃ ဒသမ ၆ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်များတွင်လည်းကောင်း၊ အမျိုးသား ၆၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို တွဲဖက်သုံးစွဲနေကြသည်ဟု ဆိုသည်။

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၀၀၀ ခန့်ပါဝင်သည်။ ၎င်းတို့ထဲတွင် လူကို အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများဖြစ်ကြသည့် ကတ္တရာ၊ နီကိုတင်းဓာတ်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယားဓာတ်များစွာ ပါဝင်ပြီး အလွန်အဆိပ်ပြင်းသည့် ဆိုင်ယာနိုက်ဓာတ် အနည်းငယ်မျှ ပါဝင်သည်။ အဓိကပါဝင်သော ဓာတ်ပစ္စည်းမှာ နီကိုတင်းဓာတ်ဖြစ်၍ နီကိုတင်းဓာတ်သည် ဆေးလိပ်ကို ရှိုက်၍ ရှူသူများ၏ အဆုတ်ထဲသို့ ၉၀ ရာခိုင်နှုန်းခန့်ဝင်ပြီး သာမန်ဆေးလိပ်ကို ဖွာပြီးမရှိုက်သောသူများ၏ အဆုတ်ထဲသို့ ၁၀ ရာခိုင်နှုန်းခန့် ဝင်ရောက်ပါသည်။

### စွဲလမ်းစေတတ်သောနီကိုတင်း

ဆေးလိပ်ကို ရှူရှိုက်ရာတွင် နီကိုတင်းဓာတ်သည် သွေးထဲသို့ ချက်ချင်းရောက်ရှိသွားပြီး ဆေးလိပ်သောက်ရှူသူကို မူးယစ်စေသည့်အပြင် စွဲလမ်းစေတတ်ပြီး လူသားတို့အတွက် ကြောက်စရာကောင်းသော အဆိပ်ကို ဖြစ်စေပါသည်။ ဆေးလိပ်တစ်လိပ်တွင် Nicotine –1mg ပါဝင်ပါသည်။ ထို Nicotine ပမာဏသည် တစ်ကြိမ်တည်း သွေးထဲသို့ ထိုးသွင်းလိုက်ပါက လူကိုသေစေနိုင်ပါသည်။ ထို့အပြင် နီကိုတင်းသုံးစွဲမှုသည် လတ်တလော အကျိုးဆက်အနေဖြင့် နှလုံးခုန်မြန်ခြင်း၊ သွေးပေါင်ချိန်မြင့်တက်ခြင်း၊ နှလုံးသွေးစီးဆင်းမှုများခြင်း၊ သွေးကြောများကျဉ်းစေခြင်း စသည်တို့လည်း ဖြစ်စေနိုင်သည်။

ထို့အပြင် ဆေးလိပ်ငွေ့တွင်ပါဝင်သော အခြားဓာတ်များကြောင့်လည်း သွေးထဲတွင် ကာဗွန်မိုနောက်ဆိုက် မြင့်တက်ခြင်းကြောင့် အောက်ဆီဂျင်လျော့နည်းစေခြင်း၊ အဆီဓာတ်၊ သကြားဓာတ်၊ ကော်တီစောနှင့် ဟော်မုန်းဓာတ်များ သွေးထဲတွင်များလာခြင်း၊ သွေးကြောများ ပိုမိုမာကြောစေခြင်းနှင့် သွေးခဲစေခြင်းတို့ကြောင့် နှလုံးရောဂါနှင့် လေဖြတ်စေခြင်း၊ ကင်ဆာရောဂါများ ပိုမိုဖြစ်ပွားစေခြင်းများလည်း ဖြစ်ပေါ်လာနိုင်ပါသေးသည်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာနှင့်အဝန်း ဆေးလိပ်သောက်သုံးမှုသည် လူငယ်၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီးတို့ကြား၌ ကူးစက်ရောဂါအသွင်တစ်ခုကဲ့သို့ ကူးစက်ပျံ့နှံ့ လျက်ရှိနေသည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆေးလိပ်သောက်သုံးမှု ပိုမိုများကြောင်း လေ့လာဆန်းစစ်မှုများအရ သိရသည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှု ၈၂ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။

ဆေးလိပ်သောက်သုံးသည့်အလေ့အထများကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်းနှင့် ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေမျို၊ ဆီးအိမ်ကင်ဆာများဖြစ်စေပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ပေးနိုင်သည်။ အထူးသဖြင့် အမျိုးသားများတွင် ဆေးလိပ်သောက်ခြင်းကြောင့် အသက်ရှူမဝခြင်း၊ သားသမီးမရနိုင်ခြင်း(Infertility)၊ အိမ်ထောင်ရေးသုခအပြည့်အဝမခံစားနိုင်ခြင်း (Impotency) တို့ဖြစ်စေနိုင်ပါသည်။ အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ချိန် ကိုယ်ဝန်ပျက်ကျခြင်း၊ ပေါင်ချိန်မပြည့်သောကလေးများ မွေးဖွားခြင်း၊ တစ်နှစ်အောက်ကလေးများ သေဆုံးခြင်း၊ ဉာဏ်ရည်မမီသော ကလေးများမွေးဖွားခြင်းတို့ ဖြစ်စေနိုင်ပြီး ဆေးလိပ်ငွေ့ရှူရှိုက်ရသော ကလေးများအနေဖြင့် ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါတို့ ဖြစ်ကြသဖြင့် မိခင်နှင့် ကလေးငယ်များအတွက် အလွန်ပင် အန္တရာယ်ကြီးမားလှသည်။

အထူးသဖြင့် လေဝင်လေထွက်မကောင်းသည့် အခန်းများ၊ အလုံပိတ်အဆောက်အအုံများ၌ ဆေးလိပ်သောက်သုံးပါက ဆေးလိပ်ငွေ့များသည် အခန်းအတွင်းရှိ လေထုထဲ၌ ပျံ့နှံ့သွားပြီး ပတ်ဝန်းကျင်ရှိ ဆေးလိပ်ငွေ့ရှူရှိုက်ရသူများကိုပါ ဘေးဥပဒ်များဖြစ်စေသောကြောင့် ဆေးလိပ်သောက်သူများအနေဖြင့် ဆင်ခြင်သင့်ပါသည်။ ထို့အတူ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ရုံးဌာနများ၊ ဘတ်စ်ကားမှတ်တိုင်များ၊ ဘူတာရုံများနှင့် မီးရထား၊ မော်တော်ကား၊ သင်္ဘော စသည့်လူအများ စုဝေးအသုံးပြုရာနေရာများ၌ ဆေးလိပ်သောက်သုံးခြင်းသည် အနီးပတ်ဝန်းကျင်ရှိ လူများအား မိမိဆေးလိပ်ငွေ့သည် အန္တရာယ်ဖြစ်စေသည့်အတွက် ကျန်းမာရေးသတိ၊ လူမှုရေးအသိတို့ဖြင့် အထူးဆင်ခြင်ရှောင်ရှားသင့်ပါပေသည်။ ထို့အပြင် ဆေးရုံကဲ့သို့သောနေရာများ၌ ဆေးလိပ်သောက်သုံးခြင်းသည် လူနာများအား ထိခိုက်နစ်နာစေရုံသာမက အောက်ဆီဂျင်ပိုက်လိုင်းများရှိသည့် လူနာခန်းများ၌ ဆေးလိပ်သောက်မိလျှင် မီးဘေးအန္တရာယ်ကိုပင် ကျရောက်စေနိုင်ပါသည်။

### လုပ်ငန်းခွင်ဆေးလိပ်မသောက်ရေး

ထို့အတွက်ကြောင့် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးကို နည်းအမျိုးမျိုးဖြင့် သုံးစွဲခြင်းတို့သည် လူကိုသေစေနိုင်သည်အထိ အန္တရာယ်ရှိကြောင်းကို ယခုအခါ တစ်ကမ္ဘာလုံးက သိရှိလာခဲ့ပြီးဖြစ်သည်။ ထို့အပြင် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်သုံးရေး စီမံချက်များကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေကြပြီလည်း ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်ရေးစီမံချက်ကို လုပ်ငန်းရှင်များက ဦးဆောင်ပြီး လုပ်သားများကလည်း စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက်ပါဝင်၍ လိုက်နာဆောင်ရွက်ကြကြောင်း သိရှိရသည်။

သို့သော်လည်း လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်ရေးစီမံချက်တွင် အထူးဂရုပြုရမည်မှာ လုပ်သားများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေးတစ်ခုဖြစ်သည့် ဆေးလိပ်သောက်ခွင့်ကို လုပ်ငန်းရှင်များက အတင်းအကျပ်တားဆီးပိတ်ပင်သည်ဟု ထင်မြင်ယူဆကာ ဆေးလိပ်မသောက်ရေးစီမံချက်ကို အတိုက်အခံပြု ဆန့်ကျင်လာနိုင်သည့်အချက်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်ရေးအတွက် ဆေးလိပ်သောက်ခြင်းနှင့် ကျန်းမာရေးဆက်နွယ်ပုံကို လုပ်သားများကိုယ်တိုင် နားလည်သဘောပေါက်လာစေရန် လုပ်သားထုအတွင်း လုပ်ငန်းခွင်အတွင်း စီမံခန့်ခွဲရေးနှင့် ထုတ်လုပ်ရေးပိုင်းမှ တာဝန်ရှိသူများက စံပြရှေ့ဆောင်နမူနာအဖြစ် ဆေးလိပ်မသောက်ခြင်းဖြင့် ကျန်လုပ်သားထုများအပေါ် များစွာအကျိုးသက်ရောက်မှုရှိပြီး စည်းရုံးရေးအောင်မြင်မှုများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

### ဆေးလိပ်သောက်သည့်လုပ်သား သေဆုံးမှုပိုများ

ကရိုမီယမ်၊ နီကယ်၊ ဘိလပ်မြေစက်ရုံများရှိ လုပ်သားများတွင် အဆုတ်ကင်ဆာဖြစ်ပွားမှု အန္တရာယ်သည် ဆေးလိပ်သောက်ခြင်းကြောင့် အဆမတန် ပို၍များပြားပါသည်။ နိုင်ငံတကာမှ လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ ဆရာဝန်ကြီးများ၏ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်သောက်သုံးကြသည့် လုပ်သားများသည် ဆေးလိပ်လုံးဝမသောက်သူလုပ်သားများထက် အသက်နှစ် ၆၀ မပြည့်မီ သေဆုံးမှုနှုန်း နှစ်ဆမှ သုံးဆအထိပိုများကြောင်း တွေ့ရှိပါသည်။

လုပ်ငန်းခွင်အတွင်း ဆေးလိပ်သောက်ခြင်းသည် လုပ်သားများ၏ ကျန်းမာရေးကို သာမန်အခြေအနေများထက် ပိုမိုထိခိုက်စေပါသည်။ အကြောင်းမှာ ဆေးလိပ်မီးအပူငွေ့ကြောင့် သော်လည်းကောင်း၊ ဆေးလိပ်ငွေ့တွင်ပါဝင်သော အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းများနှင့် လုပ်ငန်းခွင်တွင် ထိတွေ့ကိုင်တွယ်ရသော ဓာတုပစ္စည်းများ ပူးပေါင်းဓာတ်ပြုပြီး အဆိပ်အတောက်ဖြစ်စေနိုင်မှု ဓာတ်သတ္တိများ ပိုမိုတိုးပွားလာခြင်းတို့ကြောင့် သော်လည်းကောင်း ဖြစ်သည်။

ထို့အပြင် လူ၏အသက်ရှူလမ်းကြောင်းအတွင်းသို့ ရှူရှိုက်မိသည့် အမှုန်အမွှားများကို ကာကွယ်နိုင်မှုစွမ်းအား လျော့နည်းသွားသဖြင့် အဆိပ်အတောက်ဖြစ်စေသည့် အငွေ့များ၊ အမှုန်အမွှားများသည် လုပ်သားများ၏ ခန္ဓာကိုယ်တွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။ မသန့်ရှင်းသောလက်ဖြင့် ဆေးလိပ်ကို ကိုင်တွယ်ရသည့်အတွက် အဆိပ်အတောက်ဖြစ်စေသည့် အမှုန်အမွှားများသည် ပါးစပ်တွင်းမှတစ်ဆင့် ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်ရန်ပိုမိုလွယ်ကူပါသည်။ အထူးသဖြင့် ခဲ၊ သတ္တုနှင့် ထိတွေ့ကိုင်တွယ်နေရသော လုပ်သားများတွင် ဆေးလိပ်မသောက်ပါက မိမိကိုယ်ခန္ဓာအတွင်းသို့ ခဲ၊ ဓာတ်သတ္တုများ ဝင်ရောက်သည့်အန္တရာယ်မှ များစွာလျော့နည်းသွားနိုင်ပါသည်။

မိမိကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း အခြားသူများဆေးလိပ်သောက်ခြင်းကြောင့် မိမိ၏မိသားစုနှင့် လုပ်ငန်းခွင်ရှိလုပ်ဖော်ကိုင်ဖက် လုပ်သားများတွင် အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများ အန္တရာယ်ပိုမိုများပြားလာတတ်ပါသည်။ သို့ပါ၍ လုပ်ငန်းရှင်ကြီးများအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်သုံးရေးမူဝါဒများ ချမှတ်ဆောင်ရွက်သင့်ပါသည်။ လုပ်ငန်းအတွင်း အလုပ်ကြောင့် စိတ်ပန်းကိုယ်ပန်းသူ၊ အလုပ်ဒဏ်ပိသူ လုပ်သားများကြားတွင် ဆေးလိပ်သောက်သူဦးရေ ပို၍များလေ့ရှိပါသည်။ ထိုအုပ်စု အချင်းချင်းစည်းရုံးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းကသာ ပိုမိုထိရောက်အောင်မြင်စေနိုင်သည်။

ဆေးလိပ်မသောက်ခြင်းဖြင့် လုပ်သားများ၏ ကျန်းမာရေးအဆင့် မြင့်မားလာနိုင်ပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း ဆေးလိပ်သောက်ခြင်းနှင့် ဆက်နွယ်၍ ဖြစ်ပွားတတ်သော ရောဂါများအတွက် ဆေးဝါးကုသမှု ကုန်ကျစရိတ်များ လျော့နည်းသွားမည် ဖြစ်ပါသည်။ အလုပ်လုပ်သော လုပ်သားတိုင်းသည် လုပ်ငန်းခွင်တွင် ပျမ်းမျှအားဖြင့် နေ့စဉ် ၁၂ နာရီခန့် အချိန်ကုန်ကြရပါသည်။

ဝင်များအနေဖြင့် ဆေးလိပ်ဖြတ်ရန် မလွယ်ဟု ဆိုကြပါသည်။

လုပ်ငန်းခွင်အတွင်း ဆေးလိပ်မသောက်သုံးရေးကို စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်း စသည့်လုပ်ငန်းခွင်အသီးသီးရှိ လုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် လုပ်ငန်းခွင်ကျန်းမာရေးဌာနတိုင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆေးလိပ်သောက်သူဦးရေများသော လုပ်ငန်းခွင်များတွင် ပထမအဆင့်အနေဖြင့် ဆေးလိပ်သောက်သူ လုပ်သားများအား ဆေးလိပ်ဖြတ်နိုင်ရန် ကြိုးပမ်းရပါမည်။ ဆေးလိပ်သောက်သူဦးရေနည်းသော လုပ်ငန်းခွင်များတွင်မူ ဆေးလိပ်မသောက်သူများအား ဘယ်သောအခါမှ ဆေးလိပ်မသောက်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရပါမည်။

### ဆေးလိပ်မသောက်သော ယဉ်ကျေးမှုဝန်းကျင်

ဖွံ့ဖြိုးတိုးတက်ပြီးသော ကမ္ဘာ့နိုင်ငံများတွင် ဆေးလိပ်သောက်ခြင်းသည် ခေတ်မီသောလုပ်ရပ်တစ်ခု မဟုတ်တော့ဘဲ မယဉ်ကျေးသောလုပ်ရပ်အဖြစ်သတ်မှတ်ပြီး ဆေးလိပ်မသောက်သော ယဉ်ကျေးမှုဝန်းကျင်များကို တည်ထောင်နေကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဆေးလိပ်သောက်မှ ခေတ်မီသည်၊ ဆေးလိပ်သောက်မှ လူရာဝင်သည်၊ ဆေးလိပ်သောက်မှ စတိုင်ကျသည် ဆိုသည့် အတွေးအခေါ်အယူအဆများကို တိုက်ဖျက်၍ ဆေးလိပ်သောက်ပါက ဖြစ်ပေါ်ခံစားရမည့် ရောဂါဝေဒနာများအပြင် သတိမမူမိသော ဆိုးကျိုးများဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မိသားစုတစ်ဦးချင်းကုန်ကျစရိတ် ပိုမိုများပြားမှု၊ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအားကျဆင်းမှု၊ ဆေးလိပ်ကြောင့် ဖြစ်ပွားနိုင်သည့် မီးဘေးအန္တရာယ် စသည်ဖြင့် ဆိုးကျိုးအများအပြားကို သိရှိနားလည်သဘောပေါက်ပြီး ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်များကို ကြိုးပမ်းတည်ဆောက်နေကြပြီလည်း ဖြစ်ပါသည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်း၍ ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ဖော်ပြပေးထားပြီး ဖြစ်ပါသည်။ ဆေးလိပ်ငွေ့ကင်းစင်သောလုပ်ငန်းခွင်၊ ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်များဖြစ်အောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင် ဆေးရုံဆေးခန်းများတွင်လည်းကောင်း၊ အများပြည်သူဝင်ထွက်သွားလာ အသုံးပြုနေသော နေရာများတွင်လည်းကောင်း၊ ဆေးလိပ်ငွေ့ကင်းစင်သောနေရာများအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ဤသည်ကို စံနမူနာအဖြစ် လက်ခံကျင့်သုံး၍စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင် အသီးသီးရှိ သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုပ်သားများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ဆေးလိပ်ငွေ့ကင်းစင်သော လုပ်ငန်းခွင်များကို ဖန်တီးတည်ဆောက်သင့်ကြပေသည်။ ဆေးလိပ်ငွေ့ကင်းစင်သော လုပ်ငန်းခွင်များမှ လုပ်သားများ၏ ကျန်းမာရေးအဆင့် မြင့်မားလာသည်အမျှ ကျန်းမာကြံ့ခိုင်သော လုပ်သားအရင်းအမြစ်များသည် နိုင်ငံတော်ရှိ လုပ်ငန်းခွင်အသီးသီးမှ ကုန်ထုတ်စွမ်းအားများ ပိုမိုတိုးတက်လာရန်အတွက် အထောက်အကူပြုမှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ဆေးလိပ်ကစလို့ ရှောင်ကြဉ်စို့"**

ဆေးလိပ်ဆေးရွက် မစွဲမက်နှင့်
နှစ်သက်လက်ခံ သုံးမိပြန်က
ဖြတ်ရန်ခက်ခဲ ရောဂါစွဲ၍
အားနည်းစေကာ အဆုတ်နာနှင့်
ကင်ဆာအမျိုးမျိုး ရောဂါဆိုးတို့
ပွားတိုးကေန် ဦးနှောက်ဉာဏ်လည်း
မမှန်ဖောက်ပြား လူ့သွေးသားတို့
လျော့ပါး၍လာ များမကြာမီ
ခန္ဓာပြိုပျက် သေမင်းလက်သို့
ဝကွက်အပ်နှံ မကောင်းကံကြောင့်
သေပြန်သော်ကား အပါယ်လားသည်
ရှောင်ရှားလေကြ မူးယစ်ကောင်၊
ဆေးလိပ်ကစ ဝေးဝေးရှောင်။

အောင်မြင့်စိုး(ရေစကြို)

# ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုမည့် အိန္ဒူ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်လျက်ရှိ

ဘားအံ မေ ၃၀

**ကရင်ပြည်နယ်၏ အဓိကကျသော ဆက်သွယ်ရေးလမ်းပိုင်းဖြစ်ပြီး ဘားအံ-ကျုံဒိုး-ကော့ကရိတ်- မြဝတီမြို့များနှင့် ကျေးရွာပေါင်းများစွာကို ဖြတ်သန်းသွားကာ မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အိန္ဒူ-ကော့ကရိတ်လမ်းပိုင်းသည် ကုန်စည်စီးဆင်းရာတွင် အရေးပါရုံသာမက ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်အခွန်ဘဏ္ဍာငွေများ ကောက်ခံရရှိမှုအများဆုံး လမ်းပိုင်းထဲတွင် တစ်လမ်းအပါအဝင်ဖြစ်သည်။**

အိန္ဒူ - ကော့ကရိတ် လမ်းပိုင်းသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ ဒါနန်းဆိပ်ကမ်းမှစ၍ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်သန်းလာပြီး မြန်မာ - ထိုင်း နှစ်နိုင်ငံနယ်စပ် မဲဆောက်မှတစ်ဆင့် မြဝတီမြို့ကို ဖြတ်ကာ ကော့ကရိတ် - ကျုံဒိုး - ဘားအံ - ရန်ကုန် - မန္တလေး - တမူး မြို့များမှတစ်ဆင့် အိန္ဒိယနိုင်ငံကို ဆက်သွယ်ထားသော အာရှလမ်းမကြီးပေါ်တွင် တည်ရှိသည့် နိုင်ငံတကာ ဆက်သွယ်ရေးလမ်းပိုင်းဖြစ်ကာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ နိုင်ငံတကာအဆင့်မီ နှစ်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

အိန္ဒူ - ကော့ကရိတ်လမ်းပိုင်းကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀၊ အာဆီယံ အခြေခံအဆောက်အအုံ ရန်ပုံငွေ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၊ နိုင်ငံတော်အစိုးရမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၈ သန်း လျာထားကျခံ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တရုတ်နိုင်ငံ China Road and Bridge Corporation (CRBC) ကုမ္ပဏီမှ ကန်ထရိုက်စနစ်ဖြင့် တာဝန်ယူ အဆင့်မြှင့်တင်ဆောင်ရွက်နေသော လမ်းပိုင်းဖြစ်သည်။

ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်နေစဉ်ကာလအတွင်း ၂၀၁၇ ခုနှစ် ခန့်က လွန်းညတောင်တွင် လမ်းခင်းကျောက် ထုတ်ယူသုံးစွဲမှုအပိုင်းနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များနှင့် ကိုက်ညီမှုမရှိဟုဆိုကာ ADB ဘဏ်မှ ချေးငွေပေးချေမှုကို တစ်နှစ်ခွဲခန့် ရပ်ဆိုင်းခဲ့သည်။ ၂၀၁၉ ခုနှစ် မေလ ခန့်မှသာ ချေးငွေပေးချေမှုကို ပြန်လည် ခွင့်ပြုပေးခဲ့သည့်အတွက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း တစ်နှစ်ခွဲခန့် ရပ်ဆိုင်းနှောင့်နှေးခဲ့ရကာ ယခင်နှစ် မိုးရာသီ ရေကြီးရေလျှံမှုများဖြစ်ပေါ်သည့်ကာလတွင် ကုန်တင်ယာဉ်ကြီးများ သွားလာရခက်ခဲပြီး လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ယခုနှစ်တွင် မြေယာလျော်ကြေးငွေ ညှိနှိုင်းမှုကိစ္စရပ်များကြောင့် ကျန်နေခဲ့သည့် ၄ ကီလိုမီတာခန့်ရှိ လမ်းပိုင်းမှအပ ကျန်လမ်းပိုင်းများအားလုံးကို နိုင်လွန်ကတ္တရာ အခြေခံလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကုန်တင်ယာဉ်ကြီးများ သွားလာရခက်ခဲ၍ လမ်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အကောင်းဆုံး ဆောင်ရွက်ထားနိုင်ပြီဖြစ်သည်။



လက်ထောက်ညွှန်ကြားရေးမှူး မင်းဗညားထော

ယခုလက်ရှိ မေလကုန်အထိ မိုးမကျမီတွင် မြေယာလျော်ကြေး ညှိနှိုင်းမှုကြောင့် ကျန်နေခဲ့ရသည့် ၄ ကီလိုမီတာခန့်ရှိ လမ်းပိုင်းမှလွဲ၍ အခြေခံကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကာ ကျန်ရှိနေသည့် ၄ ကီလိုမီတာခန့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်ပေးမှုကြောင့် မြေယာလျော်ကြေး လက်ခံရယူရန် ကျန်ရှိနေသည့် ဒေသခံများက သဘောတူခွင့်ပြုပြီဖြစ်သည့်အတွက် လာမည့် ပွင့်လင်းရာသီတွင် လမ်းလုပ်ငန်းကို အရှိန်အဟုန်တိုးမြှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကော့ကရိတ်ခရိုင်လမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။

အဆိုပါလမ်းပိုင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ မတိုင်မီက နေ့စဉ်ပျမ်းမျှ မော်တော်ယာဉ်အစီးရေ သုံးထောင်မှ လေးထောင်ကျော်ခန့်ထိ ဖြတ်သန်းသွားလာ၍ အများစုမှာ ကုန်စည်စီးဆင်းမှုတွင် အသုံးပြုနေကြသည့် ကုန်တင်ယာဉ်ကြီးများဖြစ်ပြီး လမ်းများကောင်းမွန်လာသည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ ခရီးသွားပြည်သူလူထုများက မြဝတီမြို့နှင့် ထိုင်းနိုင်ငံသို့ အလည်အပတ် ဘုရားဖူးသွားလာရာတွင် ယခုလမ်းကိုသာ အလွယ်တကူအသုံးပြု၍ သွားလာကြသည့်အတွက် ခရီးသည်တင်ယာဉ်နှင့် လူစီးကားများလည်း ယခင်ကထက် ဖြတ်သန်းသွားလာမှု ပိုမိုများပြားလာကြောင်း သိရသည်။

"ဒီလမ်းကြီး ဒီစီမံကိန်းကြီးကို သတ်မှတ်ချက်အတိုင်း၊ စံချိန်စံညွှန်း အတိုင်း အပြည့်အမီရရှိဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစား နေပါတယ်။ သတ်မှတ်တဲ့အချိန် အတွင်းမှာလည်း အမြန်ဆုံးပြီးစီး နိုင်အောင် ကြိုးစားနေပါတယ်။ ဒီလမ်းကြီး ပြီးသွားတာနဲ့တစ်ပြိုင်နက် ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ အပြန်အလှန် ကုန်စည်စီးဆင်းမှုဟာ အရင်ကထက် အဆပေါင်းများစွာတိုးတက်လာမှာဖြစ်ပြီး သွားလာတဲ့ကြာချိန် လျော့နည်းပြီး ဘေးအန္တရာယ်ကင်းကင်းနဲ့ စရိတ်လည်းသက်သာမှာ ဖြစ်ပါတယ်" ဟု ကော့ကရိတ်ခရိုင် လမ်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး မင်းဗညားထော က ပြောသည်။

အိန္ဒူ - ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း ပြီးစီးရမည့်ရက်မှာ ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်နေ့ ဖြစ်သော်လည်း ထိုနေ့ရက်ထက်စော၍ လာမည့်နှစ် ပွင့်လင်းရာသီအကုန်တွင် ဆောလျင်စွာ အမြန်ဆုံးပြီးစီးနိုင်ရန် လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**



အိန္ဒူ - ကော့ကရိတ်လမ်း နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# အရာတော်မြို့နယ်တွင် ဇူလိုင်လအတွင်း ပထမဆုံး သနပ်ခါးပွဲရုံ ဖွင့်လှစ်ရောင်းချမည်

**အရာတော် မေ ၃၀**

အရာတော်မြို့နယ် သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက သနပ်ခါးမြို့တော်အဖြစ် သတ်မှတ်ထားသည့် အရာတော်မြို့နယ်၌ ပထမဆုံး သနပ်ခါးပွဲရုံကို ဇူလိုင်လအတွင်းဖွင့်လှစ်၍ သနပ်ခါးနှင့် သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်များကို လက်လီလက်ကား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲရုံကို အရာတော်မြို့အဝင် အမှတ်(၁)နယ်မြေ ပိတောက်မြိုင်ရပ် အရာတော်-မုံရွာ-ရွှေဘို ကားလမ်းဘေးရှိ အရာတော်မြို့နယ် သနပ်ခါးအသင်းရုံးတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သနပ်ခါးချစ်သူများအနေဖြင့် အရည်အသွေး မှန်ကန်သည့် သနပ်ခါးများကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား လာရောက်ဝယ်ယူနိုင်ရန် ဖွင့်လှစ်ရောင်းချပေးခြင်းဖြစ်ကြောင်း မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးက ပြောကြားသည်။

"သနပ်ခါးမြို့တော်ဖြစ်တဲ့ အရာတော်မြို့မှာ ပထမဆုံး အနေနဲ့ သနပ်ခါးပွဲရုံ ဖွင့်လှစ်ရောင်းချမှာ ဖြစ်ပါတယ်။ ဒီပွဲရုံမှာ သနပ်ခါးစိုက်ပျိုးသူတွေ ကိုယ်တိုင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးမှာ ဖြစ်ပါတယ်။ ဒီပွဲရုံက ဝယ်တဲ့ သနပ်ခါးတွေကို အရည်အသွေးမှန်ကန်ဖို့နဲ့ ဈေးနှုန်းမှန်ဖို့ အာမခံပါတယ်။တစ်ဆင့်ပြန်လည်ရောင်းချချင်တဲ့သူတွေအနေနဲ့ အရည်အသွေးပြည့်ဝတဲ့ သနပ်ခါး အစစ်အမှန်တွေကို ဈေးနှုန်းချိုသာစွာနဲ့ လာရောက်ဝယ်ယူနိုင်သလို ဒီလမ်းခရီးမှာ သွားလာနေကြတဲ့ ခရီးသွားပြည်သူတွေလည်း အရာတော်မြို့ရဲ့ အဓိကလက်ဆောင် အနေနဲ့ ကားပေါ်ကဆင်းပြီး ပွဲရုံမှာ အလွယ်တကူ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

သနပ်ခါးဈေးကွက်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်းက အရောင်းအဝယ်များ ကျဆင်းခဲ့သော်လည်း ယခုရက်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေး ဖြေလျှော့ပေးလာမှုကြောင့် ဈေးကွက်ပြန်လည်ဦးမော့လာသည့် အလားအလာရှိနေကြောင်း၊ ယမန်နှစ်က သနပ်ခါး စိုက်ပျိုးသူအချို့မှာ ခြံများဖျက်၍ လျှော်ဖြူ(ဆေးကုလားမ) နှင့် ဒန့်သလွန်ပင်များ စိုက်ပျိုးကြသည့်အတွက် အရည်အသွေးကောင်းသနပ်ခါး ထွက်ရှိမှုနည်းပါးသွားသဖြင့် အရည်အသွေးကောင်းသော သနပ်ခါးများ၏ ဈေးနှုန်းများ ပြန်လည်ကောင်းမွန်လာပြီး မန္တလေး၊ မုံရွာ၊ ပခုက္ကူနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ သနပ်ခါးကုန်သည်များ အရာတော်သို့ နေ့စဉ် လာရောက်ဝယ်ယူနေကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် သနပ်ခါးစိုက်ပျိုးဧက တစ်သိန်းကျော်ရှိပြီး သနပ်ခါးထုတ်လုပ်မှုအနေဖြင့် တနိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းကို ထုတ်လုပ်ရောင်းချနေကြောင်း၊ အရာတော်သနပ်ခါးမှာ ကျောက်ကုန်းထွက်ဖြစ်၍ သဘာဝအတိုင်း အပွေးညိုပြီး ထူခြင်း၊ အနံ့မွှေးပြီး ဆေးဖက်ဝင်ခြင်းတို့ကြောင့် လူကြိုက်အများဆုံးဖြစ်ကြောင်း သိရသည်။



သနပ်ခါး အများဆုံးထွက်ရှိသည့် အရာတော်မြို့နယ်အတွင်းမှ သနပ်ခါးအရောင်းဆိုင်များ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၅ မှ*

အနေဖြင့် သုံးပုံတစ်ပုံသာ တက်ရောက်ရန် အဆိုပြုထားပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို MICC-2 တွင် ပြုလုပ်မည်ဖြစ်ပြီး လူ ၂၃၀ ကို Social Distancing နှင့် နေရာချထား၍ ရပါကြောင်း၊ အရေးကြီးသည့် UPDJC နှင့် JMC အစည်းအဝေးများကို MICC-1 တွင် ပြုလုပ်မည်ဖြစ်ပါကြောင်း၊ MICC-1 တွင် နေရာလည်းပိုကျယ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာပြီး ဆောင်ရွက်၍ ရပါကြောင်း၊ တကယ့်အရေးကြီးသည့် အစည်းအဝေးများကို MICC-2 တွင် ကျင်းပမည်ဖြစ်ပြီး လက်မှတ်ထိုးပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို MICC-1 တွင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ယင်းကိစ္စကိုလည်း EAO များကို အဆိုပြုထားပါကြောင်း၊ အစိုးရနှင့် EAO များအကြား ဆွေးနွေးနေသည့် ပြည်ထောင်စု သဘောတူညီချက် အစိတ်အပိုင်း -၃ ဆက်လက်ဆွေးနွေးရမည့် အချက်များကို ဇွန်လအတွင်း ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ UPDJC နှင့် JICM အစည်းအဝေးများခေါ်ယူရန် ရှိပါကြောင်း၊ ပြီးပါက ညီလာခံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ညီလာခံအဘယ်ကြောင့် အရေးကြီးသည် ဆိုသည်မှာ ၂၀၂၀ အလွန်တွင် တပ်မတော်ပိုင်းမှလည်း အပြောင်းအလဲများရှိနိုင်ပြီး အစိုးရပိုင်းတွင်လည်း ရွေးကောက်ပွဲရလဒ်အပေါ်မူတည်ကာ ဖြစ်ပေါ်လာမည့် အနေအထားများ ရှိပါကြောင်း၊ ငါးနှစ်လုံးလုံးဆွေးနွေး ညှိနှိုင်းခဲ့မှုရလဒ်များကို နောင်ကာလများတွင် မည်သို့ ဆက်လက် ဆောင်ရွက်သွားမည်ဆိုပြီး မရေရာ မသေချာမှုများဖြစ်လာနိုင်သည့်အတွက် အားလုံးသဘောတူ လက်ခံနိုင်သည့် အနေအထားမျိုးဖြစ်အောင် ညှိနှိုင်းသွားရန် လိုအပ်ပါကြောင်း၊ EAO နှင့် တပ်မတော်မှ ဆက်လက်ပါဝင်နေမည် ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အပြောင်းအလဲ ဖြစ်ပါကလည်း နောင်တက်လာမည့် အစိုးရကိုယ်စားလှယ်များ ပါဝင်လာမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် သေချာဆွေးနွေးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်း၍ မည်သို့ဆက်သွားမည်ကို ပြည်ထောင်စု သဘောတူစာချုပ်တွင် ပါသည့် ၂၀၂၀ အလွန် ဆက်လက်အကောင်အထည်ဖော်မည်ဆိုသည့်အချက်အပေါ် သဘောတူညီထားမည်ဆိုပါက ဆက်လက်ဆောင်ရွက်၍ ရမည်ဖြစ်ပါကြောင်း၊ ယင်းမှာ အစိုးရ၊ တပ်မတော်၊ EAO နှင့် နိုင်ငံရေးပါတီများအတွက် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံသည် အစိုးရ၊ တပ်မတော်၊ EAO နှင့် နိုင်ငံရေးပါတီများအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ မြန်မာ့နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် တည်ဆောက်ရေး သုံးရပ်လုံးအတွက် ညီလာခံနှင့် ရွေးကောက်ပွဲကျင်းပရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း။

ဦးပိုင်လီမိတက်၏ ဒါရိုက်တာစာရင်းတွင် တပ်မတော် အရာရှိဟောင်းများ ပါဝင်နေမှုကိစ္စနှင့်စပ်လျဉ်း၍ အကောက်ခွန် ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ညွှန်ကြားရေးမှူးချုပ် နှစ်ယောက်သည် ဦးပိုင် စတင်ဖွင့်လှစ်ကတည်းက ဒါရိုက်တာအနေဖြင့် ထည့်ထားခြင်းဖြစ်ပါကြောင်း၊ ယခုမှ မိမိတို့ သိရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ယခုမှသိရှိပါကြောင်း၊ သို့သော် ၎င်းတို့သည် ဝန်ကြီးဌာနများ၏ တင်ပြချက်အရ BOD အစည်းအဝေးများသို့ တစ်ကြိမ်တစ်ခါမျှ မတက်ဖူးပါကြောင်း၊ သို့သော် ပြန်စိစစ်ခိုင်းပြီး သက်ဆိုင်သည့် ရှေ့နေချုပ်ရုံးသို့ အကြံပြုချက်တောင်း၍ ညွှန်ကြားရေးမှူးချုပ် နှစ်ယောက် ယင်းသို့ ပါဝင်နေခြင်းကို ဥပဒေကြောင်းအရ လေ့လာဆန်းစစ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**ကျော်ဟန်အောင်**

# တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေထုတ်ပေးမည့်အပြင် ကျန်းမာရေးကဏ္ဍအတွက်လည်း ထပ်ဆောင်းရန်ပံ့ငွေပေးအပ်မည်

**မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်စွမ်းရည်တိုးမြှင့်နိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားပေးစနစ်သည် ရာသီဥတုပြောင်းလဲမှုဒဏ်၊ သဘာဝဘေးအန္တရာယ်များ ခံနိုင်စွမ်းကို မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် စီမံကိန်းတစ်ခုဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၃၅၀ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်လိုက်သည်။**

ယင်းချေးငွေထုတ်ချေးရန်အတွက် ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များက အတည်ပြုခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်ရေး စီမံကိန်းအတွက်လည်း ထပ်ဆောင်းရန်ပံ့ငွေအဖြစ် အသုံးပြုရန် ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၁၀ ကိုလည်း ဒါရိုက်တာအဖွဲ့မှ အတည်ပြုပေးခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားရာနှုန်းပြည့်အသုံးပြုနိုင်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း မြန်မာနိုင်ငံ၏ လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်စွမ်းရည်ကို နှစ်ဆတိုးမြှင့်ရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားစနစ် စက်စွမ်းရည်မြှင့်တင်ရေး စီမံကိန်းသည် ရွာမဓာတ်အားပေးစက်ရုံကို အဆင့်မြှင့်တင်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိနိုင်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ လျော့နည်းလာစေရန်အတွက် ရည်ရွယ်ကြောင်း သိရှိရသည်။

ဓာတ်အားပေးစက်ရုံနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် စနစ်များကို အဆင့်မြှင့်တင်သည့်အတွက် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက်လည်း လျှပ်စစ်ဓာတ်အားများ ပိုမိုထုတ်လွှတ်နိုင်မည်ဖြစ်ရာ ဒေသအသီးသီးမှ အိမ်ထောင်စုများ ယခုထက်ပိုမို၍ နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်ကာ လျှပ်စစ်ပိုမို သုံးစွဲမှုရရှိစေနိုင်မည်ဟု အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စီမံကိန်းသည် ပါရီသဘောတူညီချက်အရ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်မှုလျော့ပါးစေရေးနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။ နောက်ဆုံးပေါ် စက်စွမ်းရည်မြင့်နည်းပညာကို အသုံးပြုခြင်းဖြင့် စီမံကိန်းသည် လျှပ်စစ်ဓာတ်အား တစ်ယူနစ်ထုတ်လုပ်လိုက်တိုင်း ထွက်ပေါ်လာမည့် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ကို လျှော့ချနိုင်စေမည့်အပြင် လျှပ်စစ်ဓာတ်အား ပို့လွှတ်မှုစနစ်ကို ကောင်းမွန်စေရန် မြှင့်တင်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ၏ ဒဏ်ကို ခံနိုင်ရန် ဆောင်ရွက်မည်ဟု သိရှိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ အိမ်ထောင်စုတွေအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကသာ နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ် နဲ့ ချိတ်ဆက်နိုင်သေးတဲ့အတွက် အရှေ့တောင်အာရှမှာ လျှပ်စစ်ဓာတ်အားရရှိမှုနှုန်း အနည်းဆုံးအနေအထားမှာ ရောက်ရှိနေပါတယ်။ အခုစီမံကိန်းဟာ လျှပ်စစ်ဓာတ်အားကို သက်သာတဲ့နှုန်းထားနဲ့ ထုတ်လုပ်တာဖြစ်လို့ သဘာဝပတ်ဝန်းကျင်အတွက် အကျိုးရှိစေတဲ့ နည်းလမ်းတွေနဲ့ ဖြည့်ဆည်းပေးမှာဖြစ်လို့ ၂၀၃၀ ပြည့်နှစ်မတိုင်မီ မြန်မာ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိနိုင်ဖို့ မျှော်မှန်းချက်ကို အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မစ်မာရီယန်ရှာမန်က ပြောကြားသည်။

ကမ္ဘာ့ဘဏ်၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကနေတစ်ဆင့် နည်းပညာအကူအညီနှင့် လေ့လာဆန်းစစ်မှုများဖြင့် အစိုးရက ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအစီအစဉ်ကို ၂၀၁၄ ခုနှစ်ကတည်းက ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့အချိန်အထိ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းသည် နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ကျေးရွာပေါင်းများစွာ၊ တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစား ဓာတ်အားစနစ်များမှတစ်ဆင့် ကျေးရွာပေါင်းများစွာကို လျှပ်စစ်ဓာတ်အားပေးအပ်နိုင်ခဲ့သဖြင့် ပြည်သူစုစုပေါင်း နှစ်သန်းနှင့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာပေါင်းများစွာ လျှပ်စစ်ဓာတ်အားရရှိနေပြီ ဖြစ်သည်။

**ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီစေရေး**

မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် အလေးအနက်ထားကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်ကိုလည်း မြင်တွေ့ရပြီး အရည်အသွေးပြည့်ဝခြင်းဖြင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကိုလည်း ထပ်ဆောင်း ရန်ပုံငွေအဖြစ် အိုင်ဒီအေချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအစီအစဉ်မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစီမံချက်သည် ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများအပါအဝင် တစ်နိုင်ငံလုံးရှိ ပဏာမ ကျန်းမာရေးဌာနစုစုပေါင်း ၁၂၀၀၀ ကျော်အား ပံ့ပိုးနိုင်ခဲ့ကြောင်း၊ ရှေ့တန်းကျန်းမာရေးဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးချဲ့နိုင်ရန် လစဉ်အသုံးစရိတ်များကိုလည်း ပေးအပ်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပဏာမ ကျန်းမာရေးဌာနများ၏ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းရည်အားမြှင့်တင်ပေးခြင်းဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အရည်အသွေးကို အားကောင်းစေရန် ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ကြီးကြပ်ကွပ်ကဲမှုကို အချိန်မှန်နှင့် စနစ်ကျစွာ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းများ၊ ဘဏ္ဍာရေးအချက်အလက်စနစ် ခေတ်မီတိုးတက်ရေးဆောင်ရွက်မှုများဖြင့် ဘဏ္ဍာငွေအသုံးပြုမှုဆိုင်ရာ ထိရောက်မှုနှင့် လိုအပ်ချက်အလိုက် တုံ့ပြန်ဆောင်ရွက်နိုင်မှု တိုးတက်လာစေရန်အတွက် လည်းကောင်း ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထပ်ဆောင်းရန်ပုံငွေအဖြစ် လူမှုစီးပွားရေး အညွှန်းကိန်းများအရ လိုအပ်ချက်အများဆုံးဖြစ်သည့် သတ်မှတ်မြို့နယ်များတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုများအတွက်လိုအပ်သည့်အခြေခံအဆောက်အအုံများအတွက် အသုံးပြုမည်ဖြစ်ကြောင်းသိရသည်။ သို့မှသာ မြန်မာနိုင်ငံတွင် နေထိုင်သည့် မည်သူမဆို ပါဝင်အကျိုးခံစားနိုင်မည့် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကျန်းမာရေးစနစ်ကို အားကောင်းစေမည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုပါထောက်ပံ့မှုတွင် ကပ်ရောဂါဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ၊ ဓာတ်ပုံ - အဲလက်စ်



# အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များ သိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/ Transponder(VMS ကိရိယာ)များကို ၃၁-၁-၂၀၂၀ ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၁-၂-၂၀၂၀ ရက်နေ့မှ ၃၁-၅-၂၀၂၀ ရက်နေ့အထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းရေိယာနှင့် တားမြစ်ထားသည့်ငါးဖမ်းကွက် (F13, F14, F20, F21) များအတွင်းသို့ ဝင်ရောက် ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ အလားတူ စည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင် (၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက်ပေးပို့မှု မရှိသည့် ရေယာဉ်များ (Silent Vessels) ၏ ပိုင်ရှင်များ၊ တရားဝင် ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်းအချက်အလက်ပေးပို့မှု ပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာ ပြန်လည်ပေးပို့စေရန်နှင့် အလားတူ ကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် ဖုန်းဖြင့် သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ခံဝန်ကတိ လက်မှတ်ရေးထိုးစေခြင်းအပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ငါးသယ် ရေယာဉ်များအား(၁-၆-၂၀၂၀) ရက်နေ့မှ စတင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တိုင်းရင်းသားကျေးရွာ ပြန်လည်ဖွင့်လှစ်ပါက ပိုကောင်းသော ဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ထား

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့နေပြည်သူများအတွက် အပန်းဖြေအနားယူရာ နေရာတစ်ခုဖြစ်သော သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၂၃ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်ချိန်တွင် လာရောက်အပန်းဖြေသော ပြည်သူများအတွက် ပိုကောင်းသောဝန်ဆောင်မှုများ ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုပန်းခြံအတွင်းရှိ လျှောက်လမ်းတစ်လျှောက်တွင် ရေပန်းအလှများ တပ်ဆင်ခြင်းနှင့် နန်းမြင့်မျှော်စင်အတွင်းရှိ တိုင်းရင်းသားရှစ်မျိုး၏ ပုံသဏ္ဌာန်နှင့် ရိုးရာပစ္စည်းများကို ပြသသည့်နေရာ၌ တိုင်းရင်းသား ကိုးမျိုးအထိ စုံတွဲရုပ်ကြွပုံများ ထပ်မံထည့်သွင်းပြသနိုင်ရန် ပြင်ဆင်ထားရှိကြောင်း၊ ထို့အပြင် ၁၁၇ ဧက အကျယ်ရှိသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာဝင်း၏ ပဲခူးမြစ်နှင့်ကပ်လျက်ရှိသော သဘာဝဒီရေတောများကို ဆက်လက်ထိန်းသိမ်းထားကာ မြစ်ပြင်ဆည်းဆာအလှနှင့်အတူ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲ၍ တင်ဒါခေါ်ယူပြီးဖြစ်ကြောင်း သိရသည်။

"တိုင်းရင်းသားကျေးရွာ ပြန်ဖွင့်တဲ့အခါမှာ လာရောက်အပန်းဖြေတဲ့ ပြည်သူတွေ စိတ်လက်အေးချမ်းစွာ အနားယူနိုင်အောင် ပြင်ဆင်မှုလေးတွေ ဆောင်ရွက်ထားပါတယ်။ ပဲခူးမြစ်ဘက်အခြမ်းဟာ သဘာဝအလှအပနဲ့ ထိန်းသိမ်းထားတဲ့ ဒီရေရောက်တောတွေရှိတာကြောင့် စီမံကိန်းရေးဆွဲပြီး အပန်းဖြေ အနားယူရာ အဆောက်အအုံတွေဆောက်လုပ်ဖို့ တင်ဒါလည်း ခေါ်ပြီးပါပြီ။ ပြန်ဖွင့်တဲ့အခါမှာ အပူဒဏ်လျော့အောင် လျှောက်လမ်းတွေမှာ ရေပန်းတွေ တပ်ဆင်သွားမှာပါ။ တိုင်းရင်းသားရုပ်ကြွပုံတွေ ထပ်တိုးချဲ့မယ့်အပြင် ရုံးပိတ်ရက်နှစ်ရက်မှာ လာရောက်အပန်းဖြေတဲ့ ပြည်သူတွေကို တိုင်းရင်းသားတွေက ရိုးရာအကတွေ၊ ဖျော်ဖြေပွဲတွေနဲ့ ဝန်ဆောင်မှုပေးသွားမှာပါ"ဟု နေပြည်တော် တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

တိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားရှစ်မျိုး၏ နေအိမ်နှင့် ရိုးရာဓလေ့များကို ပြသထားပြီး ရုံးပိတ်ရက် နှစ်ရက်တွင် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ တစ်ကြိမ် တိုင်းရင်းသားများကိုယ်တိုင် ရိုးရာအကဖြင့် ဖျော်ဖြေသည့်အစီအစဉ်များ တင်ဆက်မည်ဖြစ်သည်။ **သန်းထိုက်**

## လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် မေ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/၈လ

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၉)**

**အယူခံခြင်း**

၄၉။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀ ၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၃၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၄၉ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီးချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၁။ ပုဒ်မ ၅၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်းအကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၃၀ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၃။ ဦးစီးဌာနသည် ပုဒ်မ ၅၁ သို့မဟုတ် ပုဒ်မ ၅၂ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၄။ (က) ဦးစီးဌာနက ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၈ သို့မဟုတ် ပုဒ်မ ၅၃ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနမှတ်ပုံတင်အရာရှိက ပုဒ်မ ၂၀၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဃ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၅၅ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနသည် ပုဒ်မ ၅၇ သို့မဟုတ် ပုဒ်မ ၅၈ အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၀။ (က) ဦးစီးဌာန၏ လိုင်စင် ထုတ်ပေးသူ အရာရှိက ပုဒ်မ ၃၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၅၉ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို ဖြစ်စေ မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ တင်သွင်းသော အယူခံမှုကို စိစစ်ပြီး ချမှတ်သည့် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

**အခန်း(၁၀)**

**လျော်ကြေးငွေပေးဆောင်ခြင်း**

၆၁။ တစ်ဦးတစ်ယောက်သောသူက မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့် ရာဇသတ်ကြီး ပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး ယင်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပစ္စည်းတစ်ခုခုပျက်စီးဆုံးရှုံးပါက တရားရုံးသည်-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်ပစ္စည်းမှအပ အခြားပစ္စည်း တစ်ခုခု ပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) အစိုးရဌာနပိုင်ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်လျှင် အဆိုပါ လျော်ကြေးငွေကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၂။ ပုဒ်မ ၆၁ အရ ချမှတ်သည့် အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

**အခန်း(၁၁)**

**စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း**

၆၃။ ဝန်ကြီးဌာနသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သူအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၆၄။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) သတ်မှတ်ထားသောပမာဏထက်ပိုပြီး အရက်သေစာသောက်စား မူးယစ်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ဖမ်းဆီးခံရသည့် သူတစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းစစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ (၃) နှင့် (၄) တို့ပါ အခြေအနေ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဖမ်းဆီးခံရသည့်သူ တစ်ဦးဦးကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူရမည်။

၆၅။ (က) ရဲဝတ်စုံ ဝတ်ဆင်ထားသည့် ရဲအရာရှိသို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံ ဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် စွပ်စွဲခံရသောကြောင့် အမည်နှင့် နေရပ်လိပ်စာ မေးမြန်းသည့်အခါ ဖြေကြားရန် ငြင်းဆိုသူ သို့မဟုတ် ဖြေကြားသော အမည်နှင့် နေရပ်လိပ်စာသည် မှန်ကန်ခြင်းမရှိဟု ယုံကြည်ရန် အကြောင်းရှိသူ၊

(၂) ဤဥပဒေပါ ပြစ်မှု သို့မဟုတ် နည်းဥပဒေများပါ ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာအကြောင်းရှိ၍ ထွက်ပြေးတိမ်း ရှောင်မည် သို့မဟုတ် သမ္မန်စာချမှတ်ခြင်း မခံရအောင် အခြားနည်းရှောင်ရှား နေမည်ဟု ယုံကြည်ရန် အကြောင်းရှိသူ။

(ခ) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည်။

၆၆။ (က) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စားတာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဝန်ကြီးဌာနကတာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူ လက်ရှိထားသော ယာဉ်မောင်းလိုင်စင် သို့မဟုတ် မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကို သိမ်းယူနိုင်သည်။ ယင်းသို့သိမ်းယူလျှင် သိမ်းယူထားကြောင်း အထောက်အထား ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သိမ်းယူထားကြောင်း အထောက်အထားဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန် အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၆၇။ ရဲအရာရှိသို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြားများကို စစ်ဆေးရာတွင် ယင်းလိုင်စင်နှင့် လက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါသက်သေခံ အထောက်အထားများကို သိမ်းယူပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၆၈။ ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဦးစီးဌာနမှ အရာရှိသည် သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူဆိုင်ရာ နေရာအပါအဝင် မည်သည့်နေရာတွင်မဆို အောက်ပါမော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်းတွင် အပ်နှံရမည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

**အခန်း(၁၂)**

**ရန်ပုံငွေထူထောင်ခြင်း၊ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၆၉။ အမျိုးသားကောင်စီသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေမှအပ ပုဒ်မခွဲ (ခ) ပါ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများမှ ရရှိသည့်ငွေဖြင့် တရားဝင်တိုးပွားသည့် ငွေများ။

၇၀။ အမျိုးသားကောင်စီသည် ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲရမည်။

၇၁။ အမျိုးသားကောင်စီသည် ရန်ပုံငွေနှင့်စပ်လျဉ်း၍ -

(က) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

၇၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ယာဉ်အန္တရာယ် ကင်းရှင်းရေးကောင်စီ ရန်ပုံငွေကို အမျိုးသားကောင်စီ၏ ခွင့်ပြုချက်အရ အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေ၊ လှူဒါန်းငွေနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေမှအပ ပုဒ်မခွဲ (ခ) ပါ ထောက်ပံ့ငွေ၊ လှူဒါန်းငွေနှင့် အခြား တရားဝင်ရငွေများမှရရှိသည့်ငွေဖြင့် တရားဝင်တိုးပွားသည့် ငွေများ။

၇၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများသည် အမျိုးသားကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကိုရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၇၄။ အမျိုးသားကောင်စီသည် လိုအပ်ပါက မိမိ၏ရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။ (***ဆက်လက်ဖော်ပြပါမည်***)

# ပန်းဆိုးတန်း–ဒလ ကူးတို့ရေယာဉ်များ ဇွန် ၁ ရက်မှစ၍ ပုံမှန်ခေါက်ရေအတိုင်း ပြေးဆွဲမည်

**ရန်ကုန် မေ ၃၀**

ရန်ကုန် ပန်းဆိုးတန်းနှင့်ဒလ ပြေးဆွဲနေသော ကူးတို့သင်္ဘောများကို ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးကာလဖြစ်သည့် ဧပြီလမှ မေလကုန်အထိ အခေါက်ရေလျှော့ချ ပြေးဆွဲခဲ့ပြီးနောက် ခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် ဇွန် ၁ ရက်မှစတင်ကာ ယခင် ပုံမှန်ပြေးဆွဲခဲ့သော ခရီးစဉ်အတိုင်း အသွား ၄၆ ခေါက်၊ အပြန် ၄၆ ခေါက်နှုန်းဖြင့် ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

“ အရင်ကထက် ခရီးသည်သွားလာမှု များလာတယ်။ ဒီသင်္ဘောဆိပ်က ရန်ကုန်မြို့ကို ဝင်ပေါက်တစ်ခုဖြစ်လို့ လူစည်ကားတဲ့ နေရာတစ်ခုလည်းဖြစ်တယ်။ မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါတွေ့ရှိတဲ့ အချိန်ကစပြီး သင်္ဘောခရီးစဉ်တွေကို ခေါက်ရေလျှော့ပြီး ပြေးဆွဲခဲ့တယ်။ သင်္ကြန်ကာလကစပြီးတော့ ခရီးသည်သွားလာမှုက ပုံမှန်မဖြစ်တော့ဘူး။ မေလ ဒုတိယအပတ်ကစပြီး တဖြည်းဖြည်း သွားလာမှု ပြန်များလာတယ်။ မေ ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ ခရီးသည် ၁၄၀၀၀ ကျော်၊ ၁၅၀၀၀ ဝန်းကျင်လောက် သွားလာခဲ့တယ်။ အဲဒါကြောင့် ယခင်သွားနေကျ သင်္ဘောခရီးစဉ်အတိုင်း ၄၆ ခေါက်နှုန်းနဲ့ ဇွန်လ ၁ ရက်ကစပြီး ပြန်လည်ပြေးဆွဲတော့မှာ ဖြစ်ပါတယ်။ ခေါက်ရေကို တိုးလိုက်တဲ့အတွက် ခရီးသည်တွေအဖို့ အရင်လို စောင့်ရတာမျိုး၊ ကြန့်ကြာတာမျိုး မရှိတော့ဘူး။ သင်္ဘောပေါ်မှာလည်း လူကျပ်မနေတော့ဘူး။ အဆင်ပြေသွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်ဘက် ပန်းဆိုးတန်းဆိပ်ကမ်းမှ မန်နေဂျာ ဒေါ်ခင်ခင်နု က မေ ၃၀ ရက်တွင် ပြောသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများစွာတို့ အနေဖြင့် ရန်ကုန်မြို့သို့ လာရောက်ရာတွင် အဓိက ဝင်ပေါက်နေရာတစ်ခုဖြစ်သည့် ပန်းဆိုးတန်း–ဒလ သင်္ဘောခရီးစဉ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)က ချယ်ရီသင်္ဘော သုံးစင်းဖြင့် ကူးတို့ပြေးဆွဲပေးလျက်ရှိရာ ဧပြီလနှင့် မေလအတွင်း ခရီးသည်နည်းပါးခဲ့ခြင်းကြောင့် သင်္ဘော ခရီးစဉ်များကို ခေါက်ရေလျှော့၍ ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ယခုအခါ ခရီးသည်စီးနင်းလိုက်ပါမှု များလာသည့်အတွက် ပုံမှန်အခေါက်ရေအတိုင်း ပြန်လည်ပြေးဆွဲတော့မည်ဖြစ်သည်။

ရန်ကုန်(ပန်းဆိုးတန်း)–ဒလ ကူးတို့ရေယာဉ် ခရီးစဉ်များကို နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၉ နာရီ အချိန်အထိ ပြေးဆွဲပေးသွားမည်ဖြစ်သလို ရန်ကုန် ဝါးတန်း(ကီလီ)မှ ဒလဘက်ခြမ်း ကားကူးဇက်လမ်းသို့ ပြေးဆွဲနေသော ဇက်ရေယာဉ်များအနေဖြင့်လည်း ခရီးသည်၊ မော်တော်ယာဉ်နှင့် ကုန်စည်အမျိုးမျိုးကို နေ့စဉ် နံနက် ၆ နာရီမှ ည ၇ နာရီခွဲအထိ သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



ခရီးသည်များ တင်ဆောင်ပြေးဆွဲနေသော ချယ်ရီသင်္ဘောတစ်စင်း

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ကြိုးပမ်းနေသည့် အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်ချက်များထုတ်ပြန်

**ရန်ကုန် မေ ၃၀**

မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေသည့် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက် သတ်မှတ်ချက်များကို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကြက်တောင်ပြိုင်ပွဲများကို မတ်လကတည်းက ရပ်နားခဲ့ရပြီး ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် အိုလံပစ်ပြိုင်ပွဲကိုလည်း ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရသောကြောင့် အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်ချက်များကို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ပြန်လည်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် အိုလံပစ်ဝင်ခွင့်အတွက် ကစားသမားအရေအတွက်ကို အပြောင်းအလဲမရှိဘဲ လက်ရည်စစ်ပွဲကာလကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ မေ ၂ ရက်အထိ သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း ကျင်းပသည့်ပြိုင်ပွဲများမှ ရလဒ်များကိုသာ ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ရက်သတ္တပတ် ၁၇ ပတ်အတွင်း ပြိုင်ပွဲပေါင်း ၂၀ ကျော် ကျင်းပရန် စီစဉ်ထားပြီး ၂၀၂၀ ပြည့်နှစ်တွင် ကိုရိုနာဗိုင်းရပ်စ် အခြေအနေကြောင့် ရွှေ့ဆိုင်းလိုက်ရသည့် ပြိုင်ပွဲအချို့ကိုလည်း ပြန်လည်ကျင်းပမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် လက်ရှိကမ္ဘာ့အဆင့်ရပ်တည်မှုနှင့် အိုလံပစ်ဝင်ခွင့်အတွက် ရမှတ်ရရှိထားမှုများကိုလည်း ဆက်လက်တွက်ချက်သွားမည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့်ပြိုင်ပွဲများကို အိုလံပစ်ဝင်ခွင့်အတွက် ရမှတ်တွက်ချက်မှုတွင် ထည့်သွင်းမည်မဟုတ်ကြောင်း သိရသည်။ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကြက်တောင်တစ်ဦးချင်း ပြိုင်ပွဲတွင် အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၃၈ ဦး ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။



သက်ထားသူဇာသည် မတ်လက နောက်ဆုံးထုတ်ပြန်ထားသည့် ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် အဆင့် ၅၇၊ အိုလံပစ်ဝင်ခွင့်အတွက် အဆင့်သတ်မှတ်ချက်တွင် အဆင့် ၂၇ နေရာ၌ ရပ်တည်နေသည်။ သက်ထားသူဇာသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲယှဉ်ပြိုင်မှု ရပ်နားထားရသော်လည်း လေ့ကျင့်မှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။

**သတင်း–ညီမြတ်သော်တာ**
**ဓာတ်ပုံ–စိုးညွန့်**

## ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၉) ဖရန့်ဖတ်တို့ အဝေးကွင်းတွင် ဝုလ်ဘတ်ကို အနိုင်ယူ

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၉) မေ ၃၀ ရက် စနေနေ့ ညပွဲစဉ်များမှ ဝုလ်ဘတ်နှင့် ဖရန့်ဖတ်ပွဲစဉ်တွင် အဝေးကွင်း၌ ဖရန့်ဖတ်အသင်း နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် အိမ်ရှင်ဝုလ်ဘတ်အသင်းသည် ၄–၄–၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဖရန့်ဖတ်အသင်းသည် ၃–၄–၁–၂ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၂၇ မိနစ်တွင် ဖရန့်ဖတ်အသင်း ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး အန်ဒရီဆေးလ်ဗားက အမှားအယွင်းမရှိ သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၈ မိနစ်တွင် ဝုလ်ဘတ်နောက်တန်းကစားသမား အမ်ဘာဘူက ချေပဂိုးသွင်းယူကာ ပွဲကို ပြိုင်ဆိုင်မှုပြင်းထန်စေခဲ့သည်။ ပွဲပြီးခါနီး ပွဲချိန် ၈၅ မိနစ်တွင် နောက်ချန်တိုက်စစ်ကစားသမား ကာမာဒါက ဖရန့်ဖတ်အတွက် အနိုင်ဂိုးသွင်းယူပေးသည်။

ယနေ့ပွဲတွင် ဘောလုံးပိုင်ဆိုင်မှု မကွာခြားသော်လည်း ဂိုးကန်သွင်းခွင့်တွင် အိမ်ရှင် ဝုလ်ဘတ်က ၁၉ ကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် ဖရန့်ဖတ်က ခုနစ်ကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းပွဲ ယှဉ်ပြိုင်အပြီး ဝုလ်ဘတ်သည် ရမှတ် ၄၂ မှတ်ဖြင့် အဆင့် ၆ တွင် ဆက်လက်ရပ်တည်နေပြီး ဖရန့်ဖတ်က တစ်ပွဲလျော့ဖြင့် ရမှတ် ၃၂ မှတ် ရရှိထားသည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၉)အခြားပွဲစဉ် ရလဒ်များတွင် ဟာသာဘာလင်က အော့စ်ဘတ်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဟော်ဖန်ဟိမ်းက မိန့်ဇ်ကို တစ်ဂိုး–ဂိုးမရှိနှင့် ဝါဒါဘရီမင်က ရှော်လ်ကေးကို တစ်ဂိုး–ဂိုးမရှိဖြင့် အဝေးကွင်းတွင် အနိုင်ရရှိခဲ့သည်။ ပွဲစဉ် (၂၉) မှ စနေနေ့ နံနက်ပိုင်းတွင် အစောဆုံးယှဉ်ပြိုင်ခဲ့သည့် ဖရိုင်းဘတ်နှင့် လေဗာကူဆင်ပွဲတွင် အဝေးကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် လေဗာကူဆင်အသင်း အနိုင်ရရှိခဲ့သည်။

**သီဟ**

❒ *ကျောက်ဖုံးမှ*

KMSS နှင့် CART တို့မှ အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အရပ်ဘက်လူမှုအသင်းအဖွဲ့ဝင်များအား ထင်းရှူး၊ ချယ်ရီနှင့် ရေသင်းဝင် သစ်စေ့မြေလုံးမျိုးစေ့များကို စိုက်ပျိုးရန် ပေးအပ်ပြီးနောက် မြို့နယ်သစ်တောဦးစီးဌာနက သတ်မှတ်ထားသော နေရာများတွင် သစ်ပင်စိုက်ပျိုးပွဲတော်ကို စိုက်ပျိုးခဲ့ကြသည်။

မြို့နယ်သစ်တောဦးစီးဌာနမှ ယနေ့ စိုက်ပျိုးခဲ့သော အပင်မျိုးစေ့များမှာ ထင်းရှူးသစ်စေ့မြေလုံး ၇၀၀၀၀၊ ချယ်ရီသစ်စေ့မြေလုံး ၅၀၀၀၀နှင့် ရေသင်းဝင်မျိုးသစ်စေ့မြေလုံး ၃၀၀၀၀ စုစုပေါင်း မျိုးစေ့ တစ်သိန်းခွဲကို စိုက်ပျိုးခဲ့ကြပြီး မျိုးစေ့များ အောင်မြင်ကြီးထွားမှုကို စမ်းသပ်နိုင်ရန် အချင်းဝက် သုံးပေရှိသော စက်ဝိုင်းပုံကွန်တိုစနစ်ဖြင့် စိုက်ပျိုးခြင်းဖြစ်ကာ မျိုးစေ့များ အောင်မြင်ဖြစ်ထွန်းရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်၍ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းထွန်းဦး၏ ပြောကြားချက်အရ သိရသည်။

**အောင်ခွီရှိန်း(ပြန်/ဆက်)**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နို့ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁–၆–၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၁)တွင်

- ကိုဗစ်–၁၉ ကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအပေါ် ရိုက်ခတ်လာနိုင်သည့် စိန်ခေါ်မှုများ
- ပိုးမွှားများကို သက်ရှိများနှင့်နှိမ်နင်းသည့် ဇီဝနည်း
- ဈေးကွက်ဝယ်လိုအားနှင့် ချိန်ညှိစိုက်ပျိုးနိုင်မှ တွက်ခြေကိုက်မည့် ဖရဲ
- ကိုဗစ်–၁၉ နှင့်ပတ်သက်၍ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိခိုက်မှု ကုစားရေး အစီအမံများ
- နို့စားနွားမွေးမြူခြင်းနှင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်၍ မွေးမြူရေးပညာရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း
- ကမ္ဘာ့အပူချိန်ပြောင်းလဲမှုများက စပါးမျိုးစိတ်များကို ဆင့်ကဲပြောင်းလဲစေနိုင်
- သရက်သီးနှင့် အော်လ်တာနေးတစ် ဆေးပညာ
- အထူးသတိရှိပါ ကိုဗစ်ကာလနှင့် သွေးတိုးရောဂါ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

❖ *ကျောဖုံးမှ*

အီကာဒီသည် ပီအက်စ်ဂျီအသင်းသို့ အငှားပြောင်းရွှေ့ခဲ့စဉ်က စာချုပ်တွင် အမြဲတမ်းခေါ်ယူခွင့်ကို ထည့်သွင်းချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ထိုစာချုပ်သက်တမ်းသည် မကြာမီတွင် ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ယခုလို ခေါ်ယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အစောပိုင်းသတင်းများတွင် ပီအက်စ်ဂျီအသင်းသည် အီကာဒီကို အသင်းတွင် ခြေစွမ်းပြကစားနိုင်သော်လည်း အမြဲတမ်းခေါ်ယူမည် မဟုတ်ကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသည်။

ပြီးခဲ့သည့်ရာသီတွင် အသင်းမှ ဥရုဂွေးတိုက်စစ်ကစားသမား ကာဗာနီအနေဖြင့် ကျန်းမာရေးပြဿနာရှိနေသောကြောင့် နည်းပြတူချယ်က တိုက်စစ်တွင် အီကာဒီကို ပထမဦးစားပေး ကစားသမားအဖြစ် ရွေးချယ်အသုံးပြု ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အသက် ၂၇ နှစ်အရွယ်ရှိ အီကာဒီသည် တိုက်စစ်တွင် အမ်ဘတ်ပီ၊ နေမာတို့နှင့် တွဲဖက် ကစားခွင့်ရခဲ့ပြီး ကိုဗစ်–၁၉ ကြောင့် လီဂူးဝမ်း မရပ်နားမီတွင် ပီအက်စ်ဂျီအသင်းအတွက် လီဂူးဝမ်းတွင် ပွဲ ၂၀ ပါဝင်ကစားခဲ့ပြီး ၁၂ ဂိုး သွင်းယူပေးနိုင်သူဖြစ်သည်။ ထို့အပြင် ချန်ပီယံလိဂ်တွင်လည်း ခြောက်ပွဲပါဝင်ကစားထားပြီး ငါးဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

အီကာဒီသည် ၂၀၁၃ ခုနှစ်တွင် ဆမ်ဒိုးရီးယားအသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပီအက်စ်ဂျီအသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် အပြောင်းအရွှေ့ပြီးမြောက်ခဲ့ပါက အင်တာမီလန်အသင်းနှင့် ခုနစ်နှစ်ကြာ ဖြတ်သန်းထားမှုကို အဆုံးသတ်သွားဖွယ်ရှိနေခြင်းလည်း ဖြစ်သည်။ အင်တာမီလန်အသင်းသည် နည်းပြကွန်တီ ရောက်ရှိလာခြင်းနှင့်အတူ မန်ယူအသင်းမှ လူကာကူကို ခေါ်ယူခဲ့ပြီးနောက် အီကာဒီကို ပီအက်စ်ဂျီအသင်းသို့ အငှားစေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

# စမ်းချောင်းမြို့နယ်ရှိ လေးထပ်အဆောက်အအုံတွင် ပြိုကျမှုဖြစ် တိုက်ခန်းအတွင်း ပိတ်မိနေသူများအား အချိန်မီကယ်တင်နိုင်ခဲ့



တိုက်ခန်းအတွင်း ပိတ်မိနေသူများအား မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ကြစဉ်။

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်) ရပ်ကွက် နန္ဒဝန်လမ်းတွင် ယနေ့ ညပိုင်းက ကန်ထရိုက်တိုက် လေးထပ် အဆောက်အအုံ၏ အပေါ်ဆုံးထပ်တွင် ပြိုကျမှုဖြစ်ပွားရာ တိုက်ခန်းအတွင်း နေထိုင်သူအချို့ ပိတ်မိနေသဖြင့် သက်ဆိုင်ရာမှ ကယ်ဆယ်မှုများ ပြုလုပ်ခဲ့ရသည်။

အဆိုပါ အဆောက်အအုံ၏ ပထမထပ်နေသူ ပြည်သူတစ်ဦးက "မနေ့ကတည်းက အပေါ်ဆုံးထပ်က ကွန်ကရစ်အမှုန်တွေ ကျနေတာ။ ဒီနေ့ညမှာတော့ ကွန်ကရစ်အတုံးလေးတွေ ပိုကျလာပြီး အခုလို ပြိုကျသွားတာ။ ကျွန်မတို့လည်း ဘာပစ္စည်းမှ ယူချိန်မရလိုက်ဘူး။ တိုက်ပေါ်မှာ ရှိနေတဲ့သူတွေ အကုန်လုံး အချိန်မီ ပြေးဆင်းလာခဲ့ရတယ်။ ထိခိုက်ဒဏ်ရာရတာတော့ မရှိဘူး။ ပိတ်မိနေလို့ ကယ်ထုတ်ရတာမျိုးတော့ရှိတယ်"ဟု ပြောသည်။

ဖြစ်စဉ်မှာ ယနေ့ ည ၈ နာရီ ၅၅ မိနစ်ခန့်က အဆိုပါအဆောက်အအုံ၏ အပေါ်ဆုံးထပ်မှ အောက်ထပ်များသို့ ကွန်ကရစ်အခဲငယ်များ တဖြည်းဖြည်းချင်း စတင်ကျရောက်ခဲ့ပြီး ဝရန်တာပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်ပွားမှုကြောင့် အပေါ်ဆုံးထပ်ရှိ မျက်နှာကြက်၊ အရှေ့ဝရန်တာနှင့် နံရံ(ရှေ့ပိုင်း) ပြိုကျမှုဖြစ်ပွားခဲ့သည့် ယင်းအထပ်ရှိ မိသားစုဝင် သုံးဦး ပိတ်မိနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ကယ်ဆယ်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ယင်းအဆောက်အအုံသည် ကြံ့ခိုင်မှုမရှိတော့သည့် အဆောက်အအုံ ဖြစ်ကြောင်း၊ အဆိုပါအဆောက်အအုံ ဆောက်လုပ်မှုသက်တမ်းနှင့် ရာဇဝင်ကို စုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအဆောက်အအုံနှင့် ခေတ်ပြိုင်တစ်ချိန်တည်း ဆောက်လုပ်ခဲ့သည့် အဆောက်အအုံများကိုလည်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် အဆိုပါအဆောက်အအုံ၌ နေထိုင်သူ ပြည်သူများအား မြို့နယ်သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ စီစဉ်မှုများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ပစ္စည်းများအား သက်ဆိုင်ရာ၏ အကူအညီဖြင့် သယ်ယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ပေါက်ခေါင်း၌ ဆိုလာပြားဖြင့် ဘက်ထရီ အားသွင်းထားရာမှ အပူလွန်ပြီး မီးလောင်

**ပေါက်ခေါင်း မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ညောင်ဝန်းကျေးရွာတွင် ယနေ့ မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ညောင်ဝန်းကျေးရွာ ပဏ္ဍိတရာမဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ဆွမ်းစားကျောင်းဆောင်တွင် ကျောင်းစောင့်ဖြစ်သူ ကျော်ဝင်းလှိုင်သည် ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းထားရာမှ အပူလွန်ပြီး မီးလောင်မှုဖြစ်ရာ ပေါက်ခေါင်းမြို့ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွာသူရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် ဆွမ်းစားကျောင်းဆောင် မီးလောင်ပျက်စီးခဲ့သဖြင့် ကျော်ဝင်းလှိုင်ကို ပေါက်ခေါင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်တွင် ညီအစ်ကိုချင်း ဓားခုတ်မှုဖြစ်

**ကျောက်တံခါး မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဇောဓိကွင်းကျေးရွာအုပ်စု ဖျံတလင်းကျေးရွာ၌ မေ ၃၀ ရက် နံနက် ၆ နာရီခန့်က ဓားခုတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ကျောက်တံခါးမြို့နယ် ဖျံတလင်းကျေးရွာနေသူ လင်းအောင် (၃၀ နှစ်)က အရက်သေစာသောက်စားပြီး နေအိမ်၌ သောင်းကျန်းနေစဉ် အတူနေညီဖြစ်သူ ကျော်ထွေး(၂၄ နှစ်)က လင်းအောင် ကိုင်ဆောင်ထားသော အရိုးကိုးလက်မ၊ အသွား ၁၀ လက်မခန့်ရှိ ဓားကိုလုယူ၍ ခုတ်ရာ လင်းအောင်တွင် ဒဏ်ရာ(စိုးရိမ်ရ)ရခဲ့သဖြင့် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် တောင်ငူဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူ ကျော်ထွေးကို ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။**ခင်ကို(ကျောက်တံခါး)**

## ရွှေဘို၌ လမ်းဖြတ်ကူးသူကို ဆိုင်ကယ်တိုက်၍ သေဆုံး

**ရွှေဘို မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၂၉ ရက် ညပိုင်းက လမ်းဖြတ်ကူးသူကို ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် ည ၈ နာရီခန့်က ရွှေဘိုမြို့ အမှတ် (၂)ရပ်ကွက် ကန်တော်လမ်းအတိုင်း မြောက်မှတောင်သို့ ဘိုလင်း(၂၆ နှစ်) အမှတ် (၅) ရပ်ကွက် ဆင်ရုံရပ် ရွှေဘိုမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်သည် အနောက်မှအရှေ့သို့ လမ်းဖြတ်ကူးသူ ဦးထွန်းနိုင်စိုး (၅၀ နှစ်) အမှတ်(၁) ရပ်ကွက် ပြင်စျေးမြောက်ရပ် ရွှေဘိုမြို့နေသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် ဦးထွန်းနိုင်စိုးတွင် ဒဏ်ရာများရရှိ သေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ ဘိုလင်းမှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ပဲခူးမြို့နယ်တွင် ရိုက်နှက်ပြီး ဆိုင်ကယ် လုယူထွက်ပြေးသူများအား အရေးယူထား

**နေပြည်တော် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွဲဒည်းကုန်းကျေးရွာနေ အောင်နေလင်း အပါအဝင် လေးဦးသည် မေ ၂၃ ရက် ည ၈ နာရီ မိနစ် ၂၀ က ဆိုင်ကယ်နှစ်စီးဖြင့် ဘုရားကလေးကုန်းကျေးရွာဘက်သို့ ဟင်းရွက်ခူးရန် သွားစဉ် အောင်ခန့် အပါအဝင် ငါးဦးက ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ပြီး ဆိုင်ကယ်ကို လုယူထွက်ပြေးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးနိုင်ရန် အောင်နေလင်း(၃၀ နှစ်)က တိုင်တန်းသဖြင့် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်ကြီးစုရပ်ကွက်နေ အောင်ခန့် (၂၉ နှစ်)ပါ ငါးဦးအား အမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## သနပ်ပင်နှင့် မြောင်းမြမြို့နယ်တို့တွင် မိုးကြိုးပစ်ခံရမှုကြောင့် သုံးဦးသေဆုံး

**နေပြည်တော် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရွှေလှေစုကျေးရွာနေ မခိုင်မာလွင် (၃၀နှစ်)နှင့် မောင်ဖြစ်သူ အောင်မင်းဌေး(၁၇ နှစ်)တို့သည် မေ ၂၉ ရက် ညနေ ၄ နာရီက လယ်ကွင်းအတွင်း၌ နွားကျောင်းသွားစဉ် မိုးကြိုးပစ်ခံရမှုကြောင့် မိုးကြိုးထိမှန်၍ နှစ်ဦးစလုံး သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး အလောင်းများကို မင်းရွာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် သေဆုံးမှုနှင့် ပတ်သက်၍ မင်းရွာနယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မွေတော်တယ်ချောင်းကျေးရွာနေ ကိုဇော်မင်းဦး (၃၈ နှစ်)သည် မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လယ်ကွင်း၌ မိုးစပါးကြဲနေစဉ် လေပြင်းတိုက်ပြီး မိုးကြိုးပစ်မှုကြောင့် ဒဏ်ရာများဖြင့် သေဆုံးခဲ့၍ မြောင်းမြပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ဇော်မင်းဦး သေဆုံးမှုနှင့် ပတ်သက်၍ မြောင်းမြမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ကလေးဝ-မော်လိုက် လမ်းပိုင်း၌ တံတားပေါ် ဆီသယ်ယာဉ်ဖြတ်စဉ် ကျိုးကျ၍ နှစ်ဦးဒဏ်ရာရ

**ကလေးဝ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝ-မော်လိုက် ကားလမ်းရှိ တံတားတစ်စင်းပေါ်သို့ ဆီသယ်ယာဉ်ဖြတ်မောင်းစဉ် ကျိုးကျသဖြင့် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မစိန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းက ပြောသည်။

ဆီများ တင်ဆောင်လာသည့် 1P/---- ၁၂ ဘီးယာဉ်သည် ကလေးဝမြို့နှင့် မော်လိုက်မြို့အကြား လိပ်ပုတ်ချောင်းတံတားပေါ်မှ ဖြတ်သန်းစဉ် ယနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က တံတားကျိုးကျမှုဖြစ်ကာ ပေ ၄၀ ခန့် အနက်ရှိ ချောင်းထဲပြုတ်ကျခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါသူ ယာဉ်မောင်းအပါအဝင် သုံးဦးအနက် နှစ်ဦးမှာ ဒဏ်ရာရရှိသဖြင့် ကလေးဝမြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကလေးဝမြို့ ရဲတပ်ဖွဲ့မှ စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာရှိ တံတားတစ်ခုတွင် ဆိုက်ကပ်ထားသည့် ငါးဖမ်းစက်လှေတစ်စင်း မီးလောင်



**မြိတ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာရှိ ပြန်တန်တံတားတွင် ဦးရဲနိုင် ပိုင်ဆိုင်သော လင်းလင်းအောင်အမည်ရှိ ငါးဖမ်းစက်လှေတစ်စင်းသည် တံတားတွင် ဆိုက်ကပ်ထားစဉ် မေ ၂၉ ရက် ည ၈ နာရီခွဲခန့်က အားသွင်းထားသည့် ဘက်ထရီအိုး အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ငါးဖမ်းစက်လှေ မီးလောင်နေမှုကို ကျွဲကူးနယ်မြေမီးသတ်စခန်း၊ မြို့နယ်မီးသတ်စခန်း၊ ထားဝယ်စုအရန်မီးသတ်စခန်းနှင့် ကလွင် အရန်မီးသတ်စခန်းတို့မှ မီးငြိမ်းသတ်ယာဉ်နှင့် ရေသယ်ယာဉ် စုစုပေါင်း ခုနစ်စီးတို့ဖြင့် မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ **(ယာပုံ)**

မီးလောင်မှုကြောင့် ငါးဖမ်းစက်လှေ၏ စက်ခန်းနှင့် ပဲ့နင်းအခန်း မီးလောင်ပျက်စီးခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ ဦးထက်ပိုင်ဦးအား ကျွဲကူးနယ်မြေ မီးသတ်စခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလ အဆိုးရွားဆုံးစီးပွားရေးထိခိုက်မှုအခြေအနေ အီတလီရင်ဆိုင်နေရ

ရောမ မေ ၃၀

**ဒုတိယကမ္ဘာစစ်နောက်ပိုင်းကာလ အဆိုးရွားဆုံး စီးပွားရေးအခြေအနေနှင့် ရင်ဆိုင်နေရသလို ကိုဗစ်-၁၉ သည် အီတလီ၏ စီးပွားရေးကို အကြီးအကျယ်ထိခိုက်မှုဖြစ်စေခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် မေ ၃၀ ရက်က ဖော်ပြခဲ့သည်။**



အီတလီနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေနေစဉ်။

ယူရိုဇုန်၏ တတိယအကြီးဆုံး စီးပွားရေးရှိရာ အီတလီနိုင်ငံသည် မေလတွင် စီးပွားရေးအနိမ့်ဆုံးအဆင့်အထိ ရောက်ရှိခဲ့ကြောင်း စာရင်းအင်းဆိုင်ရာအင်စတီကျူးဖြစ်သည့် အက်စ်စတက်စ်၏ အညွှန်းကိန်းအရသိရသည်။

ကိန်းဂဏန်းများက စိုးရိမ်ထိတ်လန့်ဖွယ်အနေအထားရောက်နေကြောင်း အသေးစားစီးပွားရေးအဖွဲ့က ပြောသည်။

ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ အရေးပေါ်အခြေအနေများက နိုင်ငံစီးပွားရေးကို ထိခိုက်စေကြောင်း၊ အထူးသဖြင့် ဈေးဆိုင်များ၊ ဝန်ဆောင်မှုများနှင့် ခရီးသွားကဏ္ဍတွင် ထိခိုက်မှုများရှိကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားသည်။

အဆိုပါအဖွဲ့၏ အဖွဲ့ဝင်များက ကုန်ကျစရိတ်နှင့် လစာများ ပေးချေရန်လိုအပ်သောငွေပေါ်လွယ်မှုမရှိမည်ကို စိုးရိမ်ကြောင်း၊ ပြန်လမ်းမဲ့အနေအထားသို့ နီးကပ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရ၏ ချေးငွေအာမခံချက်များနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချက်ချင်းလည်ပတ်ရန် လိုအပ်လာပြီဖြစ်ကြောင်း အဖွဲ့၏ အကြီးအကဲ ပါထရီဇီယာဒီလောက်က ပြောကြားလိုက်သည်။

ဗျူရိုကရေစီလျှော့ချရန် လိုအပ်ကြောင်းနှင့် အသေးစိတ် အစီအစဉ်များရှင်းပြရန်လိုကြောင်း၊ ထောက်ပံ့မှုများ နောက်တစ်ကြိမ်ကြန့်ကြာမှုများ ဖြစ်ပွားမည်ဆိုပါက စီးပွားရေးလုပ်ငန်းအားလုံးမှာ ရပ်နားလိုက်ရုံမှလွဲပြီး ရွေးချယ်စရာမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အစိုးရက လွန်ခဲ့သော သီတင်းပတ်က ဘဏ်များအား ဆောင်ရွက်သင့်သည်များကို လျင်လျင်မြန်မြန်မဆောင်ရွက်ဟုဆိုကာ စွပ်စွဲပြစ်တင်လိုက်သည်။ သို့သော် ဘဏ်များကလည်း ၎င်းတို့အနေဖြင့် ချေးငွေအဆိုပြုလွှာပေါင်းလေးသိန်းကို ခွင့်ပြုပေးခဲ့ပြီဖြစ်ကြောင်း ပြောသည်။

အီတလီနိုင်ငံသည် ဥရောပတွင် ကိုဗစ်-၁၉ ကို ပထမဆုံးခံစားခဲ့ရသောနိုင်ငံဖြစ်ပြီး တင်းကျပ်သော အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို နှစ်လကြာပြဋ္ဌာန်းခဲ့ရခြင်းက နိုင်ငံ၏ စီးပွားရေးဆောင်ရွက်ချက်များကို များစွာဒုက္ခရောက်စေခဲ့သည်။

ထို့ကြောင့် နိုင်ငံ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)သည်လည်း ၉ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းကြားရှိခဲ့ကြောင်း အီတလီဗဟိုဘဏ်က ပြောကြားလိုက်သည်။ စီးပွားရေးသည် ပထမလေးလပတ်ကာလတွင် ၅ ဒသမ ၃ ရာခိုင်နှုန်း ကျုံ့လာခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ကြောင့် ဆွစ်ဇာလန်တွင် နို့စို့ကလေးငယ်တစ်ဦးသေဆုံး


**ဘန်း မေ ၃၀**

ဆွစ်ဇာလန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရပြီး နို့စို့ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့သော ပထမဆုံး ကလေးငယ်တစ်ဦး ဖြစ်ကြောင်း အာဏာပိုင်များက မေ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိလာခဲ့ပြီးတစ်ဦးမှာ နို့စို့ကလေးငယ်ဖြစ်ကြောင်း ကိုဗစ်- ၁၉ တုံ့ပြန်ရေးအဖွဲ့ ခေါင်းဆောင် စတီဖန်ကူစတာက ပြောကြားလိုက်သည်။

ကျောင်းနေအရွယ် ကလေးသေဆုံးခြင်း မဟုတ်ကြောင်း၊ နိုင်ငံမြောက်ပိုင်း အာဂူးဒေသရှိ နို့စို့ကလေးငယ်သေဆုံးခြင်းဖြစ်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားလိုက်သည်။

ကလေးများသည် လူကြီးများထက် ကိုဗစ်- ၁၉ ဖြစ်ပွားနိုင်ခြေနည်းပါးပြီး ကူးစက်ခံရမှုမရှိသလောက် နည်းပါးကြောင်း ကူစတာက ပြောကြားလိုက်သည်။ ၎င်းနို့စို့ကလေးငယ်ကို ဖူးရစ်ဆေးရုံတွင် ကုသခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါ ကလေးငယ်သည် ယခင်က ဆေးဘက်ဆိုင်ရာ အခြေအနေတစ်ခုခုကို ကြိုတင်ခံစားနေရသလားဆိုသည့်အပေါ် ရှင်းရှင်းလင်းလင်း မသိရကြောင်း ၎င်းက ပြောသည်။



ဆွစ်ဇာလန်နိုင်ငံ လော့ဆိန်းမြို့တွင် ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်အတွင်း တက္ကသိုလ်ဆေးရုံတွင် အလုပ်လုပ်နေသော ဆရာဝန်တစ်ဦးကို တွေ့ရစဉ်။

အဆိုပါ ကလေးငယ်သည် နိုင်ငံခြားမှ ကိုဗစ်-၁၉ ရောဂါကူးစက်ခဲ့ခြင်းဖြစ်ကြောင်း ဆွစ်ဇာလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သော်လည်း နောက်ထပ်အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်း မပြုပေ။

အေတီအက်စ် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ နောက်ထပ် ကျောင်းနေအရွယ် ကလေးနှစ်ဦးလည်း ဘေဆယ်မြို့အနီး၌ ကိုဗစ်-၁၉ ကူးစက်ခံရသောကြောင့် လူ ၇၀ ကို သီးခြားစောင့်ကြည့်မှုများ လုပ်ဆောင်နေရသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံနေရသူပေါင်း ၃၀၇၀၀ ထက် မနည်းရှိပြီး သေဆုံးသူ ၁၆၅၆ ဦး ရှိသည်။ **အေအက်ဖ်ပီ**

## ဆိုးလ်မြို့ကုန်လှောင်ရုံနှင့်ဆက်စပ်ပြီး နောက်ထပ် ကူးစက်ခံရသူ ၃၉ ဦးရှိလာ

**ဆိုးလ် မေ ၃၀**

တောင်ကိုရီးယားနိုင်ငံတွင် မေ ၃၀ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၉ ဦးထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ အများစုမှာ လူဦးရေထူထပ်သည့် ဆိုးလ်မြို့ ဧရိယာအတွင်းမှဖြစ်ပြီး ကုန်လှောင်ရုံအလုပ်သမားတစ်ဦးနှင့် ဆက်စပ်ကာ ကူးစက်မှုများမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ စာရင်းဇယားများအရ တောင်ကိုရီးယားနိုင်ငံတွင် ကူးစက်ခံရသူ ၁၁၄၄၁ ဦးရှိပြီး သေဆုံးသူ ၂၆၉ ဦးရှိပြီဖြစ်သည်။ ကော့ပန်ကုမ္ပဏီကပိုင်ဆိုင်သည့် ကုန်လှောင်ရုံတွင် အလုပ်လုပ်ကိုင်သူ အလုပ်သမားနှင့်ဆက်စပ်ကာ ကူးစက်ခံရသူပေါင်း ၁၀၂ ဦးရှိလာပြီဟု တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ညွှန်ကြားရေးမှူး ဂျောင်အွန်ကယောင်းက ပြောသည်။

ယခုအခါ အဆိုပါကုမ္ပဏီသည် အလုပ်သမားများအား လုံလောက်သည့် အကာအကွယ်ပေးရန် ပျက်ကွက်သည်ဟုဆိုကာ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။ အလုပ်သမားများဆောင်းသည့် ဦးထုပ်များ၊ လက်တော့ပ်များနှင့် ကီးဘုတ်များအပါအဝင် အခြားသော ကိရိယာများတွင် ကိုဗစ် -၁၉ တွေ့ရှိရသဖြင့် လူအချင်းချင်းခပ်ခွာခွာနေရန် လုပ်ဆောင်ရမည်ကို ပျက်ကွက်ခဲ့သည်ဟု ကုမ္ပဏီကို အပြစ်တင်နေကြသည်။ ထို့အပြင် ဆိုးလ်မြို့တွင် နိုက်ကလပ်သွားသည့် လူနှင့်ဆက်စပ်ပြီး ကူးစက်ခံရသူအရေအတွက်မှာလည်း ၂၂၆ ဦးအထိရှိခဲ့ကြောင်း ကျန်းမာရေး လုပ်သားများက ရှာဖွေတွေ့ရှိခဲ့သည်။ ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာသဖြင့် နိုင်ငံတစ်ဝန်းကျောင်းပြန်တက်နေကြပြီဖြစ်သည့် သန်းနှင့် ချီသည့် ကျောင်းသားများကူးစက်ခံရမည်ကို စိုးရိမ်နေရသည်။ ကိုဗစ် -၁၉ ကူးစက်ခံရမှုကို လျှော့ချနိုင်ရေး အများပြည်သူနှင့် ဆက်စပ်မှုရှိသည့်နေရာ များနှင့် နိုက်ကလပ်များကို ပိတ်ထားသော်လည်း ကျောင်းများကို အဆင့်လိုက် ပြန်လည်ဖွင့်လှစ်ခြင်းကိုမူ ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည်။ **ပီတီအိုင်နယူးစ်**

# ကက်ရှ်မီးယားတွင် ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေရှိသော မြင်းတစ်ကောင်ကို သီးသန့်ခွဲခြားစောင့်ကြည့်မှုများ ပြုလုပ်

**ကက်ရှ်မီးယား မေ ၃၀**

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသတွင် ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေရှိသော မြင်းတစ်ကောင်ကို သီးခြားခွဲထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

မြင်းပိုင်ရှင်သည် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့ပြီးနောက် အဆိုပါမြင်းကို ယခုလို သီးခြားခွဲထားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက မေ ၂၉ ရက်တွင် ပြောသည်။

ကိုဗစ်-၁၉ သည် တိရစ္ဆာန်များတွင် ကူးစက်နိုင်ကြောင်း သိရသော်လည်း လူကိုတစ်ဆင့် ပြန်လည်ကူးစက်နိုင်သလားဆိုသည်နှင့်ပတ်သက်ပြီး အတည်ပြုချက် မရှိသေးပေ။

သို့သော်လည်း အာဏာပိုင်များက မည်သည့်အန္တရာယ်မှ မဖြစ်ပေါ်စေရန် အသက် ၂၁ နှစ်အရွယ် မြင်းပိုင်ရှင်ကို သီးခြားခွဲထားစောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိပြီး မိသားစုဝင်များကိုလည်း မြင်းကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင်ထားရန် တိုက်တွန်းပြောကြားထားသည်။

မိမိတို့အနေဖြင့် အဆိုပါမြင်းကို သီးသန့်ခွဲထားရန် မိသားစုဝင်များအား တင်းကျပ်စွာ တိုက်တွန်းထားကြောင်းနှင့် ထိုမြင်းအနီးသို့မသွားရန် အကယ်၍သွားရမည်ဆိုပါကလည်း အကာအကွယ်ဝတ်စုံများ ဝတ်ပြီးမှသာ သွားလာရန် ဒေသဆိုင်ရာအရာရှိတစ်ဦးဖြစ်သူ ရှာဆင့်ဂ်က အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

မြင်းစီးသမား မြင်းပိုင်ရှင်ကို ကိုဗစ်- ၁၉ ရှိ မရှိ စစ်ဆေးပြီးချိန်အထိ အဆိုပါမြင်းကို သီးခြားခွဲထားပြီး စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**



ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေရှိသောမြင်းကို တွေ့ရစဉ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ဆက်ဆံရေးအဆုံးသတ်သွားပြီဟု သမ္မတထရမ့်ပြော

**ဝါရှင်တန် မေ ၃၀**

အမေရိကန်သည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ဆက်ဆံရေးကို အဆုံးသတ်တော့မည်ဟု အမေရိကန်သမ္မတ ထရမ့်က မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အဆက်အသွယ်ကို ယနေ့မှစတင်ကာ ဖြတ်တောက်တော့မည်ဖြစ်ပြီး ယင်းအဖွဲ့ကြီးသို့ပေးမည့် ရန်ပုံငွေများကို ကမ္ဘာ့ကျန်းအစိတ်အပိုင်းနေရာများရှိ ပြည်သူ့ကျန်းမာရေးအတွက် လိုအပ်နေသည့်နေရာများသို့ ပေးအပ်သွားမည်ဟု အိမ်ဖြူတော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထရမ့်က ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်ထံပေးသည့်စာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ ပေးအပ်မည့်ရန်ပုံငွေများကို ဖြတ်တောက်သွားမည်ဟု ထရမ့်က ခြိမ်းခြောက်ခဲ့ဖူးသည်။

ထို့အပြင် လာမည့်ရက်ပေါင်း၃၀ အတွင်း ခြေခြေမြစ်မြစ်ရှိသော တိုးတက်မှုများ ဖြစ်မလာပါက အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်တည်ရှိမှုကိုလည်း စဉ်းစားသုံးသပ်သွားမည်ဟု ရေးသားခဲ့သည်။

ဧပြီလလယ်ကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ ပေးအပ်မည့် ရန်ပုံငွေကို ရပ်နားသွားမည်ဟု ကြေညာခဲ့သည်။

အမေရိကန်တစ်နိုင်ငံတည်းတွင်ပင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁ ဒသမ ၇ သန်းရှိပြီး ယင်းရောဂါကြောင့် နိုင်ငံသားပေါင်း ၁၀၂၀၀၀ သေဆုံးခဲ့ပြီဖြစ်သည်။ ယင်းပမာဏသည် အခြားသော တိုင်းပြည်များ၏ ကူးစက်ခံရမှုနှုန်းနှင့် သေဆုံးမှုများနှင့်ယှဉ်လျှင် အများဆုံးပင်ဖြစ်သည်။

**ဆင်ဟွာ**



ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်ကို တွေ့ရစဉ်။



ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် အမေရိကန်သမ္မတ ထရမ့်တို့ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက်က တွေ့ဆုံခဲ့ကြစဉ်။

## ဂျီ - ၇ ထိပ်သီးအစည်းအဝေးသို့ အင်ဂျလာမာကယ် တက်ရောက်မည်မဟုတ်

**ဘာလင် မေ ၃၀**

ကိုဗစ်-၁၉ အတွက် စိုးရိမ်ပူပန်မှုများရှိနေချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျီ – ၇ ထိပ်သီးခေါင်းဆောင်များအတွက် လူချင်းတွေ့ဆုံမည့် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အကြံပြုခဲ့သော်လည်း ယင်းအစည်းအဝေးသို့ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က တက်ရောက်ရန် အစီအစဉ်မရှိဟု ဂျာမနီအစိုးရ ပြောရေးဆိုခွင့်ရှိသူက မေ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ဂျီ – ၇ နိုင်ငံများမှ ခေါင်းဆောင်များသည် ဇွန်လနှောင်းပိုင်းတွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံရန် စီစဉ်ထားခဲ့ကြသည်။

ကိုဗစ် – ၁၉ ကပ်ရောဂါအလွန် ပုံမှန်အခြေအနေသို့ ပြန်ရောက်လာသည့် သင်္ကေတတစ်ခုအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျီ – ၇ ထိပ်သီးအစည်းအဝေးကို ဝါရှင်တန်မြို့၌ ဇွန်လနှောင်းပိုင်းတွင် ပြုလုပ်ရန် ရည်ရွယ်ထားသည်ဟု မေ ၂၀ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို မေရီလန်းပြည်နယ်တွင် ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပရန် မူလက စီစဉ်ထားခဲ့သည်။

ကိုဗစ်– ၁၉ ကူးစက်မှု မြင့်တက်နေသည့်ကာလတွင် ဂျီ – ၇ ထိပ်သီးအစည်းအဝေးတွင် လူချင်းတက်ရောက်တွေ့ဆုံရန် အင်ဂျလာမာကယ်က ဝါရှင်တန်သို့ သွားရောက်မည်မဟုတ်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂျီ – ၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် သမ္မတထရမ့်၏ ဖိတ်ကြားမှုကို အင်ဂျလာမာကယ်က ကျေးဇူးတင်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အသက် ၆၅ နှစ်အရွယ် အင်ဂျလာမာကယ်သည် ထရမ့်ပြီးလျှင် အသက်အကြီးဆုံး ဂျီ – ၇ ထိပ်သီးခေါင်းဆောင်ဖြစ်သည်။

သမ္မတထရမ့်မှာမူ အသက် ၇၃ နှစ်ရှိပြီဖြစ်ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးမှာလည်း အသက် ၆၅ နှစ်ရှိပြီဖြစ်သည်။

၎င်းတို့၏ အသက်မှာ ကိုဗစ် – ၁၉ ကြောင့် အန္တရာယ်ရှိနိုင်သည့် အရွယ်ပင်ဖြစ်သည်။

**အေအက်ဖ်ပီ**

## လစ်ဗျားတွင် ရွှေ့ပြောင်းလုပ်သား ၃၀ အသတ်ခံရမှုအတွက် စုံစမ်းပေးရန် ကုလတောင်းဆို

**ထရီပိုလီ မေ ၃၀**

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး ယာကွတ်အယ်ဟီလိုက လစ်ဗျားနိုင်ငံ အနောက်ပိုင်းတွင် အသတ်ခံရသည့် ရွှေ့ပြောင်းနေထိုင်သူ ၃၀ အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ မေ ၂၇ ရက်က လူမှောင်ခိုကူးသည့်နေအိမ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၃၀ အသတ်ခံရပြီး ၁၁ ဦး ဒဏ်ရာရရှိသည့် သတင်းကိုသိရ၍ အံ့သြတုန်လှုပ်မိသည်ဟု ၎င်းက သတင်းထုတ်ပြန်ခဲ့သည်။

ထရီပိုလီမြို့ အနောက်တောင်ဘက် ၁၈၀ ကီလိုမီတာအကွာရှိ မက်ဇာမြို့တွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားများ၏ သတ်ဖြတ်ခြင်းကိုခံရသော လူမှောင်ခိုသမား၏ မိသားစုက လက်စားချေသည့်ဖြစ်ရပ်လည်း ဖြစ်သည်။။ လူမှောင်ခိုသမားများနှင့် ရွှေ့ပြောင်းလုပ်သားတို့၏ လူမဆန်မှုများ ဆက်လက်မဖြစ်ပွားစေရန် ယင်းဒေသအာဏာပိုင်များတွင် တာဝန်ရှိသည်ဟု ကုလသမဂ္ဂအရာရှိက ပြောကြားခဲ့သည်။

ပြစ်မှုကျူးလွန်ခဲ့သူများကို လည်း ချက်ချင်းစုံစမ်းဖော်ထုတ်ပြီး တရားဥပဒေအရ အရေးယူမှုများ လုပ်ဆောင်ရမည်ဟု ၎င်းကဆက်လက်တောင်းဆိုခဲ့သည်။ မေ ၂၈ ရက်တွင် ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသည့် လစ်ဗျားအစိုးရသည် ယင်းကိစ္စကိုစုံစမ်းဖော်ထုတ်ရန် ပြည်ထဲရေးဝန်ကြီးဌာနကို အမိန့်ပေးထားကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏တွက်ချက်မှုများအရ ရွှေ့ပြောင်းနေထိုင်သူနှင့် ဒုက္ခသည်ပေါင်း ၆၅၄၀၀၀ သည် လစ်ဗျားနိုင်ငံတွင် နေထိုင်လျက်ရှိကြသည်။ ၎င်းတို့ထဲမှ အများစုသည် အတင်းအကျပ် ဖမ်းဆီးခံထားရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ၊ အတင်းဖိအားပေး စေခိုင်းမှုများနှင့် ခြိမ်းခြောက် ငွေညှစ်ခံရမှုများနှင့် ရင်ဆိုင်နေရသည်။

တိုင်းပြည်အတွင်း မငြိမ်မသက်ဖြစ်မှုများနှင့် ဖရိုဖရဲဖြစ်မှုများကို လူမှောင်ခိုသမားများက အခွင့်ကောင်းယူကာ ရွှေ့ပြောင်းနေထိုင်သူများအား ဥရောပကမ်းခြေများသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ရေး အမြတ်ထုတ်လျက်ရှိသည်။ **ဆင်ဟွာ**



လစ်ဗျားကမ်းခြေစောင့်တပ်က ကယ်တင်ထားသော ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

## ဟွန်ဒါကုမ္ပဏီက ကားအစီးရေ ၇၀၀၀၀၀ ကျော် ပြန်လည်သိမ်းယူမည်

**ပေကျင်း မေ ၃၀**

ဟွန်ဒါကုမ္ပဏီ၏ ပူးတွဲမိတ်ဖက်ဖြစ်သည့် ဂွမ်အေစီဟွန်ဒါနှင့် ဒေါင်ဖန်ဟွန်ဒါတို့သည် တရုတ်နိုင်ငံဈေးကွက်အတွင်းရှိ ကားအစီးရေ ၇၇၄၇၇၄ စီးကို ပြန်လည်သိမ်းယူမည်ဟု တရုတ်နိုင်ငံ၏ ထိပ်တန်းအရည်အသွေးစောင့်ကြည့်ရေးဌာနက ပြောသည်။

ဇွန် ၁ ရက် ပြန်လည်သိမ်းယူမည့် ကားများထဲတွင် ၂၀၁၈ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ထုတ်ထားသော ကားများပါဝင်သည်ဟု အရည်အသွေးစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့က အွန်လိုင်းမှ ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။ ပြန်လည်သိမ်းယူမည့်ကားများထဲတွင် ဒေါင်ဖန်ဟွန်ဒါကုမ္ပဏီကားအစီးရေ ၃၇၈၆၂၅ စီး ပါဝင်မည်ဖြစ်ပြီး Greiz၊ Gienia၊ Civic နှင့် Spirior ကားအမျိုးအစားတို့ ပါဝင်သည်။

ယင်းကားများ၌ လောင်စာပန့်တွင် ပုံမှန်မဟုတ်မှုများ အပါအဝင် အခြားသော အားနည်းချက်များ ပါရှိနေသည်။ ထို့အပြင် ကားမောင်းနေစဉ်အတွင်း ရုတ်တရက်ရပ်တန့်သွားမှု ဖြစ်ကောင်းဖြစ်နိုင်သည့်အတွက် အန္တရာယ်များသည်။

ပြန်လည်သိမ်းယူသည့်ကားများတွင် ချွတ်ယွင်းချက် ရှိသည့် အစိတ်အပိုင်းများကို အခမဲ့ ပြန်လည်အစားထိုးပေးသွားမည်ဟု ကုမ္ပဏီဘက်မှ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

**ဆင်ဟွာ**

## ဥဇဘက်ကစ္စတန်တွင် အသွားအလာကန့်သတ်မှုကို ဇွန် ၁၅ရက်အထိ တိုးမြှင့်

**တာ့ခ် မေ ၃၀**

ဥဇဘက်ကစ္စတန်နိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် ပိတ်ဆို့ကန့်သတ်ထားမှုအချို့ကို ဖြေလျှော့ပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ခွင့်ရခဲ့သည်။ သို့သော် အသွားအလာကန့်သတ်မှုများကိုမူ ဇွန် ၁၅ ရက်အထိ တိုးမြှင့်လိုက်ကြောင်း ကိုဗစ် –၁၉ တိုက်ဖျက်ရေးအထူးကော်မရှင်က မေ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ ကူးစက်မှုအပေါ် မူတည်ကာ မြို့များ၊ ခရိုင်များတွင် ကန့်သတ်မှုများကို ဖြေလျှော့မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဒေသအလိုက် ကူးစက်မှုများ အပေါ်မူတည်ကာ အနီရောင်အဆင့်၊ အဝါရောင်အဆင့်နှင့် အစိမ်းရောင်အဆင့်ဟု အသီးသီးခွဲခြား သတ်မှတ်ခဲ့သည်။ အစိမ်းရောင်ဇုန် သတ်မှတ်ခံရသည့်နေရာတွင် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် အားကစားစင်တာများဖွင့်လှစ်ခွင့်ရပြီး မင်္ဂလာပွဲလုပ်ခွင့်ပါ ပြန်လည်ခွင့်ပြုခဲ့သည်။ ဥဇဘက်ကစ္စတန်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၅၁၃ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၂၇၂၈ ဦး ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ခရီးသွားရာသီတွင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခရီးသွားများအတွက် ဂရိလေဆိပ်နှစ်ခုပြန်ဖွင့်မည်

အေသင် မေ ၁၀

ဂရိနိုင်ငံက နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဆိုက်ရောက်လာသူများအတွက် အေသင်နှင့် သက်ဆလိုနီကီရှိ လေဆိပ်များကို ခရီးသွားရာသီဖြစ်သည့် ဇွန် ၁၅ ရက်မှစပြီး ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်စရပ်တွင် မေ ၁၀ ရက်က ဖော်ပြလိုက်သည်။

**၁၆ နိုင်ငံမှ ခရီးသွားများကို ခွင့်ပြု**

ဂရိနိုင်ငံသို့ ဂျာမနီ၊ ဩစတြီးယား၊ ဒိန်းမတ်၊ ဖင်လန်၊ ချက်၊ ဘောတစ်နိုင်ငံများ၊ ဆိုက်ပရက်စ်နှင့် မော်လ်တာ အပါအဝင် အီးယူ ၁၆ နိုင်ငံမှ နိုင်ငံခြားခရီးသွားများကို ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနက ကြေညာချက်တွင် ဖော်ပြခဲ့သည်။

သို့သော်လည်း နိုင်ငံပေါင်း ၂၉ နိုင်ငံစာရင်းတွင် ပြင်သစ်၊ စပိန်၊ ဗြိတိန်နှင့် အီတလီတို့ကဲ့သို့သော ကိုဗစ်-၁၉ ဒဏ်ကို ဆိုးရွားစွာခံစားနေရသော နိုင်ငံများမပါဝင်ကြောင်း သိရသည်။

အေအက်ဖ်ပီ

### ဘရာဇီးသည် ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ကမ္ဘာ့ပဉ္စမမြောက် သေဆုံးမှုအများဆုံးနိုင်ငံ ဖြစ်လာ

ရီယိုဒီဂျနေးရိုး မေ ၁၀

လွန်ခဲ့သော ၂၄ နာရီအတွင်း လူ ၁၀၀၀ ကျော် သေဆုံးပြီးနောက် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ကမ္ဘာ့ပဉ္စမမြောက် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာပြီး စုစုပေါင်း သေဆုံးသူ ၂၇၈၇၈ ဦးဖြစ်ကြောင်း အစိုးရက ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနကလွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၂၄ ဦးရှိခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။

**စပိန်ကိုကျော်လွန်လာ**

ဘရာဇီးသည် လတ်တလောတွင် ကိုဗစ်-၁၉ ဖြစ်ပွားသေဆုံးမှုတွင် စပိန်ကို ကျော်လွန်လာပြီး အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံပြီးနောက် ကိုဗစ်-၁၉ ဖိစီးနိုပ်စက်မှုကြောင့် ကမ္ဘာ့အသေအပျောက် အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

လွန်ခဲ့သော ၂၄ နာရီ အတွင်း ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ အတည်ပြုလူနာ၂၆၉၂၈ ဦးရှိလာခဲ့ပြီး စုစုပေါင်း နိုင်ငံတစ်ဝန်း အတည်ပြုလူနာပေါင်းသည် ၄၆၅၁၆၆ ဦး ရှိလာခဲ့သည်။

ဆင်ဟွာ

# ခွဲခြားဆက်ဆံမှုတွေကြား ရုန်းကန်နေရတဲ့ ဂျပန်နိုင်ငံက ကျန်းမာရေးဝန်ထမ်းများ

*ခြူးစန္ဒီနွေး*

**အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့က ကျန်းမာရေးဝန်ထမ်းတွေကို ကိုဗစ် -၁၉ တိုက်ဖျက်ရေးမှာ သူရဲကောင်းတွေသဖွယ် ချီးကျူးဂုဏ်ပြုခံရပေမယ့် ဂျပန်နိုင်ငံက သူနာပြုတွေ၊ ဆရာဝန်တွေ ကြုံတွေ့နေရတဲ့အခြေအနေကတော့ အဲဒီလိုမဟုတ်ပါဘူး။**

### ခွဲခြားဆက်ဆံခံရ

ဂျပန်နိုင်ငံက သူနာပြုတွေ၊ ဆရာဝန်တွေကတော့ လူမှုကွန်ရက်မီဒီယာပေါ်မှာ အသိအမှတ်ပြုမှုတွေ ရရှိပေမယ့် အပြင်မှာတော့ ခွဲခြားဆက်ဆံခံရမှုတွေ၊ ဝိုင်းပယ်ခံရမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဂျပန်နိုင်ငံမှ ဆေးဝန်ထမ်းဆိုင်ရာအလုပ်သမားသမဂ္ဂရဲ့ ဧပြီလအတွင်း လေ့လာမှုများအရ ကျန်းမာရေးဝန်ထမ်းတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားစဉ်အတွင်း ခွဲခြားဆက်ဆံခံရမှုတွေ၊ အနှောင့်အယှက်ပေးခံရတာတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဖော်ပြလျက်ရှိပါတယ်။

### ရှောင်ကြဉ်ခံရ

ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းကနေ စွမ်းစွမ်းတမံကြိုးပမ်းနေစဉ်ကာလမှာ ဆေးဝန်ထမ်းတွေအနေနဲ့ မိသားစုဝင်တွေက အိမ်ကိုပြန်မလာနဲ့လို့ အပြောခံရတာတွေ၊ တခြားလူနာဆောင်တွေက ဝန်ထမ်းတွေက ရှောင်ကြဉ်မှုခံရတာနဲ့လည်း ရင်ဆိုင်နေရတယ်လို့ စစ်တမ်းကောက်ယူမှုအရ သိရပါတယ်။ ဆေးရုံတွေနဲ့ ဆေးရုံမှာအလုပ်လုပ်တဲ့ အလုပ်သမားတွဟာ ကိုဗစ် -၁၉ ကူးစက်မှုတွေ ပေါ်လာတဲ့အခါ အပြစ်ဖို့ခံရပြီး ဆေးရုံဝန်ထမ်းတွေရဲ့ ကလေးတွေကို မူလတန်းကြိုကျောင်းတွေက လက်မခံတာမျိုးနဲ့လည်း ကြုံရတယ်လို့ လေ့လာမှုတွေအရ တွေ့ရှိရပါတယ်။

### မိသားစုဝင်တွေပါ အခက်ကြုံ

မေ ၂ ရက်မှာတော့ ကိုဘီမြို့ ဆေးပညာစင်တာ အထွေထွေရောဂါကုဆေးရုံမှာ ကိုဗစ် -၁၉ ကူးစက်လူနာ ၉၆ ဦးရှိခဲ့ပြီး အဲဒီဆေးရုံက ဝန်ထမ်း ၂၉ ဦးဟာလည်း ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရပါတယ်။

အဲဒီအခါမှာတော့ ဆေးရုံဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေ ဘယ်လိုမျိုးခွဲခြားဆက်ဆံခံရသလဲဆိုတာကို စစ်တမ်းကောက် အစီရင်ခံတင်ပြထားပါတယ်။ သူနာပြုတစ်ယောက်ရဲ့ ခင်ပွန်းသည်ဆိုရင် ကုမ္ပဏီမှ ဖိအားပေးခံရပါတယ်။ ဇနီးသည်သာ အဲဒီဆေးရုံမှာ ဆက်လက်အလုပ်လုပ်နေဦးမယ်ဆိုရင် ခင်ပွန်းသည်ဖြစ်သူကိုလည်း ကုမ္ပဏီကို အဝင်မခံတော့ဘူးလို့ ဖိအားပေးခံခဲ့ရပါတယ်။ ဇနီးသည်က အလုပ်ထွက်ရမလား၊ ခင်ပွန်းသည်ကပဲ အလုပ်ကို စွန့်လွှတ်လိုက်ရမလားဆိုပြီး ဖိအားပေးရွေးချယ်ခိုင်းတဲ့ အဖြစ်အပျက်နဲ့ ကြုံတွေ့ခဲ့ရတာပါ။

### မိသားစုဝင်အထိ ရိုက်ခတ်

နောက်ထပ်သူနာပြုတစ်ယောက်ရဲ့အဖြစ်အပျက်က ပိုဆိုးပါတယ်။ သူဟာ ကိုယ်ဝန်ဆောင်ဖြစ်လို့ တခြားဆေးရုံကို သွားပြတဲ့အခါ အဲဒီဆေးရုံက ဆရာဝန်က သူ့ကိုကြည့်မပေးခဲ့ပါဘူး။ နာဂါနိုခရိုင်က ဆေးရုံတစ်ရုံမှာ အလုပ်လုပ်တဲ့ သူနာပြုတစ်ဦးဖြစ်သူ အသက် ၂၇ နှစ်အရွယ် ကိုဆူအီတိုဂိုကတော့ သူ့ရဲ့အပေါင်းအသင်းတွေ ကြုံတွေ့နေရတဲ့ ခွဲခြားဆက်ဆံခံရမှုတွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သူနာပြုတစ်ယောက်ရဲ့သမီးဆိုရင် မူကြိုသွားတဲ့အခါ တခြားကလေးတွေက သူ့ကို ကိုရိုနာချန်လို့ စနောက်ခေါ်ခံနေရပါတယ်။

### အမြင်ပိုကျယ်ဖို့လို

တခြားသူနာပြုတစ်ယောက်ကျပြန်တော့လည်း မူလတန်းကျောင်းတက်နေတဲ့သားဖြစ်သူ အနှိမ်ခံရမှာကြောက်လို့ မိသားစုနဲ့ ခွဲနေရပါတယ်။ "လူတွေစိုးရိမ်နေရတာကိုတော့ သိပါတယ်။ ဒါပေမယ့်လည်း ခွဲခြားဆက်ဆံနေကြတဲ့လူတွေအနေနဲ့ ဒီထက်ပိုပြီး အမြင်ကျယ်ဖို့တော့ လိုနေပြီလို့ တိုဂိုက ပြောပါတယ်။ တခြားနိုင်ငံက ဆေးဝန်ထမ်းတွေလို သူရဲကောင်းလို့ ချီးမြှောက်ခံချင်တာ မဟုတ်ပါဘူး။ လူနာတွေကို ကူညီဖို့သက်သက်ပါပဲ" လို့ တိုဂိုက ဆက်ပြောပါတယ်။



စိန့်မာရီယာနာဆေးရုံအထူးကြပ်မတ်ကုသဆောင်တွင် လုပ်ကိုင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

> **"သူနာပြုတစ်ယောက်ဖြစ်တာတောင် ကိုဗစ် -၁၉ တိုက်ဖျက်ရေးမှာ မပါဝင်ဘူး။ လူမှုအဖွဲ့အစည်းအတွက် အကျိုးမပြုဘူးဆိုပြီး လူစိမ်းတစ်ယောက်က အပြစ်တင်တာကို ခံခဲ့ရတယ်လို့ ပြောပါတယ်။ လူတွေဟာ ကိုဗစ် -၁၉ လူနာကို ကုသတဲ့နေရာမှာ မပါတဲ့သူဆိုရင် အသုံးမဝင်ဘူးလို့ သတ်မှတ်ထားကြတယ်ဆိုပြီး အဲဒီသူနာပြုက သူ့ရဲ့အတွေ့အကြုံကို ပြောပြခဲ့ပါတယ်"**

တိုဂိုဆိုရင် တစ်နေ့မှာ ခြောက်နာရီလောက် အကာအကွယ်ဝတ်စုံတွေဝတ်ပြီး လူနာတွေကို စောင့်ရှောက်ပေးရပါတယ်။ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာမှုကို ရုပ်သိမ်းလိုက်ပြီဖြစ်ပေမယ့် ကျန်းမာရေးဝန်ထမ်းတွေကတော့ သတိကြီးကြီးထားနေရတုန်းပါပဲ။

### တွစ်တာပေါ်က စကားသံများ

"အကာအကွယ်ဝတ်စုံ ဝတ်ထားရတာ လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။ အဲဒီဝတ်စုံကြီးနဲ့ဆိုရင် အစာစားလို့မရသလို အိမ်သာလည်း သွားလို့မရပါဘူး။" လို့ တိုဂိုက ပြောပါတယ်။ အခုလိုမျိုး အလားတူဖြစ်ရပ်မျိုးနဲ့ ကြုံတွေ့ရတဲ့ နိုင်ငံတစ်ဝန်းလုံးက သူနာပြုတွေဟာဆိုရင် တွစ်တာပေါ်မှာ သူတို့ရဲ့ အတွေ့အကြုံတွေကို ဝေမျှခဲ့ကြပါတယ်။ သူနာပြုတစ်ယောက်ဆိုရင် သူ့ကလေးနဲ့အတူ ပန်းခြံကို မလာဖို့ တားမြစ်ခံရတာတွေနဲ့ ကြုံခဲ့ရတယ်လို့ ပြောပြပါတယ်။

ခွဲခြားဆက်ဆံခံနေရမှုတွေကြောင့် ဆေးဝန်ထမ်းတွေဟာ ဆေးရုံနဲ့အိမ်ကလွဲရင် ဘယ်ကိုမှ မသွားရတဲ့ပုံစံ ဖြစ်နေပြီလို့ တွစ်တာအသုံးပြုသူတစ်ဦးက ရေးသားခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာကျတော့ ကိုဗစ် -၁၉ တိုက်ဖျက်ရေးမှာ ကျန်းမာရေးဝန်ထမ်းတွေကို သူရဲကောင်းတွေလို့ သတ်မှတ်ကြပေမယ့် ဂျပန်နိုင်ငံကျမှ ဘယ်လိုတွေ ဖြစ်နေရတာလဲဆိုပြီး တွစ်တာပေါ်မှာ မှတ်ချက်ချရေးသားထားတာကို တွေ့မြင်ရပါတယ်။ ရစ်ဆုမီကန် တက္ကသိုလ်မှ လူမှုစိတ်ပညာဆိုင်ရာ ပါမောက္ခဖြစ်သူ တာဆုယူဆာတိုကတော့ ကပ်ရောဂါနဲ့ပတ်သက်ပြီး မသေချာ မရေရာမှုတွေကြောင့် လူတွေရဲ့မနှစ်မြို့မှု၊ ခွဲခြားဆက်ဆံခံရမှုတွေကို ပိုပြီးလောင်စာပေးနေသလို ဖြစ်နေတယ်လို့ ပြောပါတယ်။

### အထိရောက်ဆုံးနည်းလမ်း

ကာကွယ်ဆေးနဲ့ တိကျတဲ့ကုသဆေး မရှိသရွေ့တော့ ဒီလိုမျိုးအပြုအမူတွေဟာ ဆက်လက်ရှိနေဦးမှာဖြစ်ပြီး လူမှုဘဝမှာ လူအချင်းချင်း ခပ်ခွာခွာနေခြင်းကို ကျင့်သုံးခြင်းကသာ လတ်တလောမှာ အထိရောက်ဆုံး ကာကွယ်ရေးနည်းလမ်းဖြစ်နေတယ်လို့ ဆာတိုက ပြောပါတယ်။

ကိုဗစ် -၁၉ တိုက်ဖျက်ရေးမှာ မပါဝင်တဲ့ တခြားအခြေအနေတွေအတွက် တာဝန်ကျတဲ့ ကျန်းမာရေးလုပ်သားတွေလည်း အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ ကိုဗစ် -၁၉ တိုက်ဖျက်ရေးမှာ ရှေ့တန်းကမပါဝင်တဲ့အတွက်ကြောင့်လည်း အပြစ်တင်ခံနေရပါတယ်။

### အသုံးမဝင်ဟု သတ်မှတ်ခံရ

အိုဆာကာခရိုင်က ဆေးရုံတစ်ရုံမှာ အလုပ်လုပ်ကိုင်နေတဲ့ သူနာပြုတစ်ယောက်ကတော့ သူ့ရဲ့အတွေ့အကြုံကို ပြောပြလာပါတယ်။ သူတို့ဆေးရုံမှာ ကိုဗစ် -၁၉ လူနာတစ်ယောက်မှ မရှိပါဘူး။

သူနာပြုတစ်ယောက် ဖြစ်တာတောင် ကိုဗစ် -၁၉ တိုက်ဖျက်ရေးမှာ မပါဝင်ဘူး။ လူမှုအဖွဲ့အစည်းအတွက် အကျိုးမပြုဘူးဆိုပြီး လူစိမ်းတစ်ယောက်က အပြစ်တင်တာကို ခံခဲ့ရတယ်လို့ ပြောပါတယ်။

လူတွေဟာ ကိုဗစ် -၁၉ လူနာကို ကုသတဲ့နေရာမှာ မပါတဲ့သူဆိုရင် အသုံးမဝင်ဘူးလို့ သတ်မှတ်ထားကြတယ်ဆိုပြီး အဲဒီသူနာပြုက သူ့ရဲ့အတွေ့အကြုံကို ပြောပြခဲ့ပါတယ်။

### လူနာရွေးချယ်ခွင့်မရှိ

ကျွန်မတို့မှာ လူနာတွေကို ရွေးချယ်ခွင့် မရှိပါဘူး။ ဆေးရုံပေါ်မှာ ကိုဗစ် -၁၉ လူနာတွေပဲ ရှိတာ မဟုတ်ပါဘူး။ တခြားရောဂါနဲ့ဆေးရုံတက်နေရသူတွေလည်း ရှိပါတယ်။ ဒီလူတွေကိုလည်း ကုသပေးရဦးမယ်လေဆိုပြီး လုပ်သက်ရှစ်နှစ်ရှိပြီဖြစ်တဲ့ သူနာပြုတစ်ယောက်က ပြောပါ တယ်။

ဂျပန်နိုင်ငံမှာတော့ ကိုဗစ် -၁၉ ကို ကုသပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေတင် ခွဲခြားဆက်ဆံခံရတာ မဟုတ်ပါဘူး။ တခြားလူနာတွေကို ကုသပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေမှာလည်းဝေဖန်မှုတွေ၊ နှိမ့်ချဆက်ဆံခံရမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ။

ကိုးကား – ကျိုဒိုနယူးစ်

# မေ ၃၀ ရက် ည ၈ နာရီအထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၂၂၄ ဦးရှိ

## (၃၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၃၀-၅-၂၀၂၀) ရက်နေ့ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၆၇)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၂)ခုနှင့် အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၇) ခု၊ စုစုပေါင်း (၅၈၆)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၃၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၄) ဦးရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၃၀-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၇) ခု |
| (၃၀-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၂) ခု |
| (၃၀-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၃၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၂၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၃၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

၃။ (၃၀-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၃၀) ဦးရှိပြီး ၎င်းတို့အနက် (၁၂၄) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၉-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၀-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

- *ကျောဖုံးမှ*

(၃၀-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 208 | ၄၀ နှစ် | မ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဗဟန်းမြို့နယ်) |
| 209 | ၂၃ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 210 | ၂၀ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 211 | ၂၉ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 212 | ၄၉ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 213 | ၄၆ နှစ် | ကျား | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 214 | ၅၂ နှစ် | မ | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 215 | ၄၅ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဒဂုံမြို့နယ်) |
| 216 | ၃၂ နှစ် | မ | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| 217 | ၄၇ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 218 | ၄ နှစ် | မ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 219 | ၆၁ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 220 | ၉ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 221 | ၁၉ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 222 | ၄၇ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 223 | ၃၁ နှစ် | ကျား | တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |
| 224 | ၂၆ နှစ် | ကျား | တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |

# ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ယူနီဆက်ဖ်တောင်ကြီးရုံးခွဲမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဆေးဘေစင် အခု ၁၀၀ လှူဒါန်း

**ကျိုင်းတုံ မေ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အထောက်အကူပြုစေသော ငွေကျပ်ရှစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ လက်ဆေးဘေစင် အခု ၁၀၀ ကို ယူနီဆက်ဖ် တောင်ကြီးရုံးခွဲက ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့သို့ လှူဒါန်းခဲ့သည်။ **(ယာပုံ)**

လှူဒါန်းရရှိသော လက်ဆေးဘေစင်များကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း အမှတ် (၂) ချစ်ကြည်ရေးတံတား၊ မိုးကုတ်ရိပ်သာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၊ ဝမ်ပုံဆိပ်ကမ်း၊ မိုင်းယုမြို့ ကျိန်းရဲတံတားနှင့် မိုင်းယောင်းဈေး၊ မိုင်းယန်းမြို့နယ်အဝင် ဆီလူးဂိတ်နှင့် အထူးဒေသ(၂)အဝင် နေရာများ၊ ကျိုင်းတုံခရိုင်အတွင်းရှိ ပရဟိတဂေဟာ၊ မြို့မဈေးကြီး၊ ကျိုင်းတုံ ကိုယ်ပွားသတင်းစာတိုက်၊ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တို့တွင် တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လှူဒါန်းရရှိသော လက်ဆေးဘေစင်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးနှင့် ကျိုင်းတုံခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများအရောက် သွားရောက်လှူဒါန်းတပ်ဆင်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယူနီဆက်ဖ်တောင်ကြီးရုံးခွဲက ဧပြီလမှစတင်၍ လက်ဆေးဘေစင်များ လှူဒါန်းခဲ့ရာ ယနေ့အထိ အခု ၃၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ်(၂)တံတားမှ ယနေ့တွင် ၁၁၅၂ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၃၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်ကစပြီး လက်ခံခဲ့ရာ ယနေ့တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၁၅၂ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၅၀၄ ဦးသည် ထိုင်းနိုင်ငံ မော်ချစ်ကားဂိတ်မှ မော်တော်ယာဉ် ၂၄ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၆၄၈ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းလုပ်သားများအား မြဝတီအမှတ်(၂) ချစ်ကြည်ရေး တံတားတွင် တွေ့ရစဉ်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ဦး၊ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ ယနေ့တွင် ၁၁၅၂ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၁၀၁၃၃ ဦး အထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက်တွင် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ ၂၇ ရက်တွင် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်းဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ၄၅ ဦး၊ ကယားပြည်နယ်မှ ခုနစ်ဦး၊ ကရင်ပြည်နယ်မှ ၂၀၀၊ မွန်ပြည်နယ်မှ ၁၅၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၄၂ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၉၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၃၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၂၇ ဦး၊ နေပြည်တော်မှ ၁၉ ဦး၊ ရှမ်းပြည်နယ်မှ ၁၂၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၈ ဦး၊ ရခိုင်ပြည်နယ်မှ ၁၉ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၄၀ စုစုပေါင်း ၁၁၅၂ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၂) စု အသက်မွေးဝမ်းကျောင်းသိပ္ပံက ကိုဗစ်-၁၉ ကာလအတွင်း မျက်နှာနှင့် နှာခေါင်းစည်းများ ချုပ်လုပ်ပေးလျက်ရှိ

**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၂) စု အသက်မွေးဝမ်းကျောင်းသိပ္ပံမှ သင်တန်းသားများနှင့် လုပ်အားပေးစက်ချုပ်သူများက ကိုဗစ်-၁၉ ကာလအတွင်း ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သည့် မျက်နှာနှင့် နှာခေါင်းစည်းများကို လိုအပ်သည့် အဖွဲ့အစည်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ချုပ်လုပ်ပေးလှူလျက်ရှိပြီး ကြိုတင်မှာယူသည့် ဌာန အဖွဲ့အစည်းများသို့လည်း ချုပ်လုပ်ပေးလျက်ရှိကြောင်း ယင်းသင်တန်းကျောင်း ကြီးကြပ်မှုကော်မတီမှ သိရသည်။ (ယာပုံ)



"ပြီးခဲ့တဲ့ ဧပြီ ၂၃ ရက်က စပြီး စက်အလုံး ၃၀ ကျော်နဲ့ စေတနာ့ဝန်ထမ်းတွေ၊ သင်တန်းသူ၊ သင်တန်းသားတွေက ချုပ်ပေးနေကြတာပါ။ တစ်နေ့ကို မီးမှန်ရင် တစ်ယောက်ကို နှာခေါင်းစည်း အခု ၁၀၀ မှ ၁၅၀ အထိ ချုပ်ပြီးပါတယ်။ အခုချိန်အထိ ကျွန်တော်တို့ ချုပ်လုပ်ပြီး အခမဲ့ဖြန့်ဝေပေးခဲ့တာ နှာခေါင်းစည်း ၂၃၀၀၀ ကျော်သွားပါပြီ။ လှူတဲ့နေရာတွေက တော်တော်များပါတယ်။ တစ်ရက်ကို နှာခေါင်းစည်း ထောင်ချီပြီး ချုပ်ပြီးပါတယ်။ ရွှေပြည်သာမြို့နယ်မှာ နှာခေါင်းစည်းကမ်ပိန်း ခုနစ်ရက်တိတိ ပေးလှူခဲ့တယ်။ မရမ်းကုန်းမြို့နယ်မှာ (၁)ရပ်ကွက် ပျံကျဈေး၊ မွန်ပြည်နယ်လွှတ်တော်မှာ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွေမှာ မျှဝေလှူဒါန်းပေးဖို့အတွက် နှာခေါင်းစည်း ၅၀၀ နဲ့ ရေသန့်ကတ်တွေ ထောင်ချီလှူခဲ့တယ်။ ကရင်ပြည်နယ်လွှတ်တော်မှာလည်း အဲဒီလိုပဲ လှူခဲ့တယ်။ ပေါင်မြို့နယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းကို နှာခေါင်းစည်း အခု ၇၀၀ လှူခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ကို လူငယ်လုပ်ငန်းအဖွဲ့ကနေ နှာခေါင်းစည်း အခု ၅၀၀ ကို သွားလှူတယ်။ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တိုက်ပွဲရှောင်စခန်းတွေနဲ့ IDP စခန်းတွေမှ မိဘပြည်သူတွေအတွက် နှာခေါင်းစည်း အခု ၇၀၀၀ ကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံက ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း အခု ၁၀၀ ကိုလည်း လှူခဲ့ပါတယ်။ ပိုးသတ်ဆေးပုံးတွေ လှူဒါန်းခဲ့သလို ကိုယ်တိုင်ဖျန်းပက်ပေးခဲ့တာလည်း ရှိပါတယ်" ဟု အမှတ်(၂) စု အသက်မွေးဝမ်းကျောင်းသိပ္ပံ တာဝန်ခံ ဦးဇော်မြတ်လင်းက ပြောသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အဓိကထား ချုပ်လုပ်လှူဒါန်းသွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများကို နှာခေါင်းစည်းများကို ဝေပေးမည်ဟု သိထားရသော်လည်း ရွှေပြည်သာမြို့နယ်ရှိ လိုအပ်ချက်ရှိသည့် အခြေခံပညာကျောင်းသားများအတွက် ဖြည့်စွက်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ချုပ်လုပ်လှူဒါန်းရန် လိုအပ်သည့် ပိတ်စများ၊ အသုံးစရိတ်ရန်ပုံငွေများကို အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။

အမှတ်-၆၅၊ ပုလဲလမ်းမကြီး၊ ခရေလမ်းသွယ်၊ ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၁) စု အသက်မွေးဝမ်းကျောင်းသိပ္ပံကျောင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ဖွင့်ခဲ့ပြီး အမှတ်(၂) စု အသက်မွေးဝမ်းကျောင်းသိပ္ပံကျောင်းကို အမှတ်-၁၃/၁၄၊ ၁၀/၃၄ ရပ်ကွက်၊ ပျော်ဘွယ်လမ်း၊ ရွှေပြည်သာမြို့နယ်တွင် ဖွင့်လှစ်ထားရှိကာ ကွန်ပျူတာ ဒီဇိုင်းနှင့် စက်ချုပ်သင်တန်း၊ အင်္ဂလိပ်၊ တရုတ်ဘာသာစကားတို့ကို သင်ကြားပို့ချပေးလျက်ရှိပြီး စီမံချက်တစ်ခုအနေဖြင့် ဂျပန်ဘာသာစကားကို N5 မှ N4 အဆင့် အောင်မြင်သည်အထိ အဓိကထားသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် လုပ်အားပေးနေကြသည့် စေတနာ့ဝန်ထမ်းများအသုံးပြုရန် နှာခေါင်းစည်းများကို အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးမှ သင့်တင့်သည့်နှုန်းထားဖြင့် အော်ဒါမှာယူပေးလာ၍ ရွှေပြည်သာမြို့နယ်အတွင်းရှိ လက်လုပ်လက်စားများအတွက် တစ်ဖက်တစ်လမ်းမှ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဌာနများသို့ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ပင်လောင်း မေ ၃၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုမှ မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများနှင့် ကျန်းမာရေးဌာနခွဲများသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ထို့သို့ ပေးအပ်လှူဒါန်းရာတွင် တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုကိုယ်စား အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ် တပ်မှူး ဗိုလ်မှူးကြီး စိုးပိုင်က ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် အသုံးပြုရန် ECG စက်တစ်လုံးနှင့် ချွဲစုပ်စက်တစ်လုံး ပေးအပ်လှူဒါန်းရာ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက လက်ခံရယူပြီး ကျန်းမာရေးဦးစီးဌာနမှူးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုမှ ပင်လောင်းမြို့နယ်ရှိ နောင်တရား၊ တီကျစ်၊ ပေါင်းလောင်း၊ ဆောင်ပြောင်းတိုက်နယ်များနှင့် ထီရိုင်၊ မိုးနဲ၊ ဗန်းမောက် ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ နှာခေါင်းစည်း၊ ခေါင်းစွပ်၊ မျက်နှာအကာနှင့် ပိုးသတ်ဆေးများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခွန်အာကာစိုး(ပင်လောင်း)**

# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center ဖုန်းနံပါတ် - (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၁၇ ဦး၌ ကိုဗစ် - ၁၉ ရောဂါပိုးတွေ့ရှိ မေ ၃၀ ရက်အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၄ ဦးရှိသွားပြီ

**နေပြည်တော် မေ ၃၀**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၇ ဦးရှိကြောင်း၊ ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး အမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၈ ဦး တို့တွင် ရောဂါပိုးတွေ့ရှိရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၄ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၂၄ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၃၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၂၄ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၄၇၁၀ | ၂၂၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၃၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၉၁၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၂၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၇၈ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၂၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၃၀-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၉၅၆၃၅ | ၅၁၉၆၁၂ | ၁၀၄၅၈၁ |
| ၂။ | ဘရာဇီး | ၄၆၈၃၃၈ | ၁၉၃၁၈၁ | ၂၇၉၄၄ |
| ၃။ | ရုရှား | ၃၉၆၅၇၅ | ၁၆၇၄၆၉ | ၄၅၅၅ |
| ၄။ | စပိန် | ၂၈၅၆၄၄ | ၁၉၆၉၅၈ | ၂၇၁၂၁ |
| ၅။ | ဗြိတိန် | ၂၇၁၂၂၂ | စိစစ်ဆဲ | ၃၈၁၆၁ |
| ၆။ | အီတလီ | ၂၃၂၂၄၈ | ၁၅၂၈၄၄ | ၃၃၂၂၉ |
| ၇။ | ပြင်သစ် | ၁၈၆၈၃၅ | ၆၇၈၀၃ | ၂၈၇၁၄ |
| ၈။ | ဂျာမနီ | ၁၈၃၀၈၉ | ၁၆၄၉၀၀ | ၈၅၉၈ |
| ၉။ | အိန္ဒိယ | ၁၇၄၄၉၆ | ၈၂၉၄၅ | ၄၉၈၃ |
| ၁၀။ | တူရကီ | ၁၆၂၁၂၀ | ၁၂၅၉၆၃ | ၄၄၈၉ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၄၃၆၆ | ၁၉၆၃၁ | ၂၃ |
| အင်ဒိုနီးရှား | ၂၅၇၇၃ | ၇၀၁၅ | ၁၅၇၃ |
| ဖိလစ်ပိုင် | ၁၇၂၂၄ | ၃၈၀၈ | ၉၅၀ |
| မလေးရှား | ၇၇၆၂ | ၆၃၃၀ | ၁၁၅ |
| ထိုင်း | ၃၀၇၇ | ၂၉၆၁ | ၅၇ |
| ဗီယက်နမ် | ၃၂၈ | ၂၇၉ | ၀ |
| မြန်မာ | ၂၂၄ | ၁၃၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

# မိုးရာသီကာလတွင် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရေး သီပေါရဲတပ်ဖွဲ့ဝင်များ ဆောင်ရွက်

**သီပေါ မေ ၃၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်စဉ် ကာလအတွင်း မိုးရာသီ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများနှင့် မိသားစုဝင်များက ယနေ့ နံနက်ပိုင်းတွင် သာသနာ ၂၅၀၀ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အပြင်နှင့် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး၊ အခြေခံပညာကျောင်းဝန်းကျင်တို့တွင် ခြင်၊ ယင်များ မခိုအောင်းနိုင်ရန် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းချိုင့်များ မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ဆယ်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ (ယာပုံ)

ကိုဗစ်-၁၉ ကာလအတွင်း လူစုလူဝေးမဖြစ်စေရေးအတွက် အများပြည်သူ အကျိုးပြုလုပ်ငန်းများကို မိမိတို့ရဲတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် မကြာမီဖွင့်လှစ်တော့မည့် အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ဘုန်းကြီးကျောင်းများ၌လည်းကောင်း၊ သန့်ရှင်းသာယာလှပရေးနှင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ရောဂါများ ကြိုတင်ကာကွယ်သည့်အနေဖြင့် ယခုလို လုပ်အားဒါနအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေက ပြောသည်။

ဆက်လက်၍ ကျန်ရှိနေသော အများပြည်သူတို့နှင့် ယှက်နွယ်ပတ်သက်သည့် နေရာ၊ ဌာနများကိုလည်း အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရန် မိမိတို့တစ်ဦးချင်းမှာ တာဝန်ရှိပြီး ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသည်။

COVID-19 ကာလကြာမြင့်လာလေ ကျန်းမာရေးအတွက် စိုးရိမ်ရမှု၊ အလုပ်အကိုင်ပြဿနာ၊ ငွေရေးကြေးရေး အခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အပြစ်တင်ခံရမှုစသည့် စိတ်ဖိစီးမှုများ ပိုမိုမြင့်မား လာလေဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန်ကြိုးစားနေချိန်တွင် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရခြင်းသည် စိတ်ဖိစီးမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ယူဆခြင်းမပြုဘဲ ထိုချမှတ်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရရှိလာစေမည့် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး လူမှုစီးပွားအခက်အခဲများကိုလည်း ဆက်လက်ဖြေရှင်းနိုင်စွမ်းရှိလာမှာ ဖြစ်ကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း(စိတ်ကျန်းမာပညာအဖွဲ့)

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစား နေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

## ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ ယာယီပိတ်ထားခဲ့သည့် ရေနံချောင်းမြို့မဈေးကြီးနှင့် ရတနာဈေးတို့အား ပြန်လည်ဖွင့်လှစ်

**ရေနံချောင်း မေ ၃၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ရတနာဈေးတို့အား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် လူစုလူဝေးမဖြစ်ပွားစေရန် ယာယီပိတ်ထားခဲ့ရာ ယနေ့ နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်၍ ဝယ်ယူရောင်းချခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းဝယ်ခွင့်ပြုရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကျန်းမာရေးလမ်းညွှန်ချက်များ ပါဝင်သည့် စည်းကမ်းချက်(၁၄)ချက် သတ်မှတ်ထားပြီး စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်ကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းမလိုက်နာပါက ပထမအကြိမ်တွင် သုံးရက်၊ ဒုတိယအကြိမ်တွင် ၁၀ ရက် ဈေးရောင်းခွင့်ပိတ်မည်ဖြစ်ပြီး တတိယအကြိမ်တွင် ရက်အကန့်အသတ်မရှိ ဈေးရောင်းချခွင့် ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဈေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

ထို့ပြင် ရေနံချောင်းမြို့ ရွှေဘုံသာပြည်သူ့အားကစားကွင်းတွင် ရောင်းချနေသည့် ယာယီပျံကျဈေးသည်များအား မြို့မဈေးပတ်လည်ရှိ လမ်းများတွင် နေရာများစနစ်တကျသတ်မှတ်ပြီးပါက ဇွန်လဆန်းပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုးကြီး**



## လောက်ကိုင်မြို့၌ ကိုဗစ်-၁၉ကာလ မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာထုပ်များကို ရပ်ကွက်ပြည်သူများနှင့် ဝန်ထမ်းအိမ်ရာများသို့ အခမဲ့ဆက်လက်ဖြန့်ဝေ

**လောက်ကိုင် မေ ၃၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ကိုဗစ်-၁၉ ကာလ ရပ်ကွက်နေပြည်သူများနှင့် ဝန်ထမ်းအိမ်ရာများသို့ မိမိအိမ်ခြံဝင်း အတွင်း ဟင်းသီးဟင်းရွက်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းဖြင့် မိသားစု ကုန်ကျစရိတ် သက်သာစေရန်အတွက် မျိုးစေ့၊ ပျိုးပင်နှင့် မြေသြဇာထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။ **(ယာပုံ)**



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အိမ်ခြံဝင်း ဥယျာဉ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးအောင်မျိုးဝေက ရပ်ကွက်နေ ပြည်သူများနှင့် ဝန်ထမ်းအိမ်ရာနေသူများအနေဖြင့် မိမိအိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက် စားပင်သီးပင်များ စိုက်ပျိုးပြီး မိသားစုများ ငွေအကုန်အကျသက်သာစေရန်အတွက် မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာထုပ်များအား အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်ကြောင်းနှင့် ဟင်းသီးဟင်းရွက် စားပင်သီးပင်များ စိုက်ပျိုးပြီးလျှင် ဆက်လက်ရှင်သန်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အမှတ်(၁)ရပ်ကွက်နေ ပြည်သူများနှင့် အမှတ်(၁)တုံချိန်နယ်မြေရဲစခန်း ဝန်ထမ်းအိမ်ရာ နေထိုင်သူ အိမ်ထောင်စုများသို့ ဒေသအဆင့် အိမ်ခြံဝင်းဥယျာဉ်လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်မျိုးဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လွင်နှင့် ဝန်ထမ်းများ၊ အမှတ် (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က ခရမ်း၊ ငရုတ်ပွ၊ ကန်စွန်း၊ မုန်ညင်းဖြူ၊ ပဲသီးမျိုးစေ့ထုပ်၊ ခရမ်းနှင့် ငရုတ်ပျိုးပင်၊ မြေသြဇာ ထုပ်များနှင့် နည်းပညာလက်ကမ်း စာစောင်များကို ဆက်လက်ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

## လားရှိုးမြို့နယ်၌ ကိုဗစ်ကာလအတွင်း ပျိုးပင်များ အိမ်အရောက်အခမဲ့ဖြန့်ဝေ


**လားရှိုး မေ ၃၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လားရှိုးမြို့နယ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ဒေသခံပြည်သူများ မိမိတို့အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်စေရန်၊ လူစုလူဝေး ရှောင်ရှားနိုင်စေရန်အတွက် ဈေးသွားရန်မလိုအပ်ဘဲ သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ဟင်းသီး၊ ဟင်းရွက်၊ သစ်သီးဝလံများ စားသုံးနိုင်စေရန်နှင့် မိမိတို့အိမ်တွင်နေထိုင်ရင်း ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာပျော်ရွှင်မှုရရှိနိုင်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၁၇ အုပ်စုအား မျိုးစေ့ ၁၈ မျိုး ၂၉၁၂၉ ထုပ်၊ နှစ်ရှည်ဟင်းသီးဟင်းရွက်ပျိုးပင် ၁၀၁၂၄ ပင်၊ ဓာတ်မြေသြဇာ ၂၉၁၂၉ ထုပ်၊ သဘာဝမြေသြဇာ အထုပ် ၁၈၉၀ နှင့် လက်ကမ်းစာစောင် သုံးမျိုး ၂၁၀၁၉ စောင်ကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **မောင်ကျော်ကြီး**


## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ကရင်ပြည်နယ်ရှိ တံတားလေးစင်းတွင် အသုံးပြုခ ဖြေလျှော့ကောက်ခံမည်



ဘားအံ မေ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လမ်း/တံတားအသုံးပြုခကောက်ခံမှုနှုန်းထားများကို ဇွန် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ၅၀ ရာခိုင်နှုန်း ဖြေလျှော့ကောက်ခံမည်ဖြစ်ရာ ကရင်ပြည်နယ်အတွင်းရှိ တံတားလေးစင်းတွင် အသုံးပြုခနှုန်းထား ဖြေလျှော့ကောက်ခံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှူးရုံးမှ သိရသည်။

ထိုသို့ လမ်း/တံတားအသုံးပြုခနှုန်းထားများ ဖြေလျှော့ကောက်ခံရခြင်းနှင့် စပ်လျဉ်း၍ ဘားအံခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သူလင်းက "လတ်တလောဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာတဲ့ စီးပွားရေးသက်ရောက်မှုအပေါ်မှာ ဖြေလျှော့တဲ့အနေနဲ့ လမ်းဦးစီးဌာနက တာဝန်ယူပြီးတော့မှ လုပ်ကိုင်နေတဲ့ လမ်းဦးစီးဌာနပိုင် တံတား ၆၂ စင်းနဲ့ လမ်းဂိတ် ၂၄ ဂိတ်ကို လမ်း/တံတားအသုံးပြုခဖြေလျှော့ပေးသွားမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွင်းမှာတော့ အေးကိုကုမ္ပဏီကနေ တာဝန်ယူကောက်ခံနေတဲ့ သံလွင်တံတား (ဘားအံ)၊ နောင်လုံတံတား၊ လှိုင်ချောင်းတံတားနဲ့ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက တာဝန်ယူကောက်ခံတဲ့ ဒုံသမိတံတား စုစုပေါင်းတံတားလေးစင်းကို ဖြေလျှော့ကောက်ခံပေးသွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ရွှေသံလွင်နဲ့ အေးကိုကုမ္ပဏီတို့ကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာပြေးဆွဲနေတဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းတွေကိုလည်း အသိပေးအကြောင်းကြားပြီးဖြစ်ပါတယ်" ဟု ပြောသည်။

သံလွင်တံတား(ဘားအံ)အသုံးပြုခ ကောက်ခံရေး တိုးဂိတ်တာဝန်ခံ ကိုတင်အောင်လင်းက "ဇွန် ၁ ရက်ကစပြီး လမ်း/တံတားအသုံးပြုခ ၅၀ ရာခိုင်နှုန်း ဖြေလျှော့ကောက်ခံသွားဖို့အတွက် ကျွန်တော်တို့ဘက်ကတော့ လမ်း/တံတား အသုံးပြုသူတွေကို အသစ်ဖြေလျှော့ထားတဲ့နှုန်းထားတွေ သိနိုင်စေဖို့အတွက် ဗီနိုင်းဆိုင်းဘုတ်ထောင်ဖို့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ကုန်တင်ယာဉ်ကြီး ၂၂ ဘီးကားတွေကို အရင်က ၁၁၀၀၀ ကောက်ခံရာကနေ အခုဆို ၅၅၀၀ ပြောင်းလဲကောက်ခံ သွားမှာပါ။ အကုန်လုံးကို တစ်ဝက်နှုန်းထားလျှော့ပြီး ကောက်ခံသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၂၀ ရက် ထုတ် စာမျက်နှာ ၁၉ ပါ လားရှိုးမြို့ရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများနှင့် ငွေထောက်ပံ့သတင်း ပုံစာအား လားရှိုးမြို့၌ တိုက်ပွဲရှောင်စခန်းမှ ရှမ်းတိုင်းရင်းသူတစ်ဦးအား ရိက္ခာထုပ်များ ပေးအပ်စဉ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၅ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၂၀ | ကျပ် | ၅၂၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၃၅ | ကျပ် | ၅၃၀/၅၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၁၀/၄၆၀ | ကျပ် | ၄၇၅/၄၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၄၀/၅၆၅ | ကျပ် | ၆၁၀/၆၂၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၅ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၁ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၂ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၇၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၃၈၁၈ | ၄၀၂၉၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၀၀၆၃ | ၃၇၇၇၇၄၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၅၄ | ၄၃၇၄၀၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၂၀၇ | ၄၈၁၄၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၁၅၂၃ | ၄၂၆၃၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


မြန်မာ့အလင်း


| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm














ကာတွန်း စမ်းချောင်းကိုကိုအောင်
ခိုင်ဝေတို့များအတော် စာကြိုးစားတယ်နော်၊
ညဆိုသူ့စာကျက်သံတွေကို ဆူညံနေတာပဲ၊
× × × × × ×
ငါတို့အိမ်ကတောင် ကြားရတယ်၊
ငါတို့သားသူ့လိုစာကြိုးစား ရင်ပထမဆုရမှာသေချာတယ်၊
ခိုင်ဝေစာကြိုးစားတာ ငါ့ကိုမမီပါဘူး၊
အခုထိမအိပ်ရ သေးဘူး၊
တယ်ဟုတ်ပါလား၊
အိပ်မက်ထဲမှာစာကျက် နေရလို့ကွ၊





## လောကဝတ် (Etiquette)

### မိုးရာသီမှာကလေးတို့အတွက် ချစ်စရာကျင့်ဝတ်တွေက

မမမေ

ကလေးတို့အားလုံး အခုလိုပူအိုက်တဲ့နွေရာသီကနေ ပြောင်းလဲသွားတာကို သိကြသလား။ အနောက်တောင်မုတ်သုံလေလည်း ဝင်ရောက်လာပြီဆိုတော့ မမတို့အားလုံး မိုးရာသီကို ရောက်လာပြီပေါ့။ မိုးရာသီမှာကလေးတို့လိုက်နာသင့်တဲ့ ကျင့်ဝတ်လေးတွေကို မမက ပြောပြမယ်နော်။

**ထီးပုံးထဲကထီးတွေ**

မိုးရာသီမှာကလေးတို့ ကျောင်းသွားတဲ့အခါ၊ စတိုးဆိုင်မှာ ဈေးဝယ်တဲ့အခါ ထီးတွေကို အဆောက်အအုံထဲမဝင်ခင် ပုံးကြီးကြီး တစ်ခုထဲ စုပြီးထည့်ကြရတယ်။ အဲဒီလိုထည့်တဲ့အခါမျိုးမှာ သိပ်ကို လှတဲ့ကလေးတို့ထီးလေးတွေဟာ စည်းကမ်းမရှိ၊ မရှက်တတ်တဲ့သူတွေက ခိုးယူသွားတတ်ကြတာရှိတယ်။ ကလေးတို့ကိုယ်တိုင်လည်း ကိုယ့်ရဲ့ ထီးလေးတွေကို အမှတ်အသားနဲ့ထားပြီး၊ သူတစ်ပါး ထီးတွေကိုလည်း မှားမယူမိအောင် ဂရုပြုပါလို့ သတိပေးလိုက်ပါရစေ။

**ထီးကိုမြင့်မြင့်ဆောင်းလိုက်ပါ**

မိုးရွာချိန် လမ်းလျှောက်နေတုန်း ထီးချင်းတိုက်မိတာမျိုး ဖြစ်ဖူးလားကလေးတို့ရေ။ မမကတော့ အဲဒီလို ထီးချင်းထိတော့မယ်ဆိုရင် ကိုယ့်ရဲ့ထီးကို အမြင့်နိုင်ဆုံးမြှင့်လိုက်ပါတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် သူများနဲ့ တိုက်မိတာမျိုး မဖြစ်တော့သလို သူများကိုလည်း မထိခိုက်စေတော့ဘူးပေါ့နော်။

**မိုးကာပေါ်ကရေတွေ**

မိုးကာဝတ်ထားတာက ကလေးတို့ကျောင်းသွားတဲ့အခါ လုံလုံ ခြုံခြုံရှိစေပေမယ့် အနားက ကလေးတို့ရဲ့ သူငယ်ချင်းတွေပေါ်ကိုတော့ မိုးကာပေါ်ကရေစက်တွေ ကျမသွားအောင် ငြိမ်ငြိမ်လေးနေဖို့ လိုပါတယ်။ မဟုတ်ရင် ကလေးတို့က မိုးရေမစိုပေမယ့် ကလေးတို့ မိုးကာတွေကနေ ကျလာတဲ့ရေစက်တွေကြောင့် သူငယ်ချင်းရဲ့ အဝတ်အစားတွေ ရေစိုသွားနိုင်တာမို့ပါ။

**အဝတ်အစားတွေနံ့နေလား**

မိုးတွင်းမှာ စိုစိုစွတ်စွတ်နဲ့ဆိုတော့ ကလေးတို့ရဲ့ အဝတ်အစားတွေဟာ တော်တော်နဲ့ မခြောက်သွေ့ပဲ နံ့စော်နေတတ်တယ်။ ခြေအိတ်တွေရော၊ အဝတ်အစားတွေရော ဖြစ်နိုင်ရင် မဝတ်ခင်ကတည်းက အနံ့ကို စစ်ဆေးဖို့လိုပါတယ်။ မဟုတ်ရင် အားလုံးက အနံ့ဆိုးကြောင့် ကလေးတို့နားကနေ ထွက်ပြေးသွားလိမ့်မယ်လေ။ ကဲအားလုံးပဲ မိုးရာသီကို ပျော်ပျော်ပါးပါးဖြတ်သန်းကြရအောင်နော်။ ။



## သိမှတ်စရာအဖြာဖြာ (General Knowledge)

### ငါးကလေးတွေမွေးကြမယ်

ကေ - ဂျူဝယ်လ်



**မင်္ဂလာပါကလေးလေးတို့ရေ။ ဒီတစ်ပတ်မှာတော့ ငါးကန်လေးတွေနဲ့ အိမ်မှာငါးလေးတွေ မွေးမြူကြတဲ့အကြောင်းကို မမက ပြောပြချင်ပါတယ်။ ငါးကလေးတွေဟာ ခွေးလေးတွေ၊ ကြောင်လေးတွေလိုတော့ ကလေးတို့ကို ပွတ်သီးပွတ်သပ်နဲ့ မချွဲနွဲ့တတ်ကြပါဘူး။ ဒါပေမယ့် သူတို့ရေကန်လေးနားကို ကလေးတို့က ရောက်သွားမယ်ဆိုရင်တော့ ရေမျက်နှာပြင်ပေါ်ကို ပြေးတက်လာပြီး ကလေးတို့ကို အစာကျွေးဖို့ တောင်းကြမယ်ဆိုတာတော့ သေချာပါတယ်။**



တိုက်ငါး

ငါးကလေးတွေကို အိမ်မှာမွေးကြတာ အခုမှမဟုတ်ပါဘူးနော်။ ၁၃၆၉ ခုနှစ်လောက်ကတည်းက မွေးခဲ့ကြတာပါ။ တရုတ်နိုင်ငံက ဘုရင်ကြီးတစ်ပါးကနေ စပြီးမွေးမြူခဲ့တာပေါ့။ သူက ရွှေငါးလေးတွေကို ကြွေထည်ကြီးတွေနဲ့ရော၊ ဖန်အိုးတွေနဲ့ရော စပြီးမွေးကြည့်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီကနေ အလှငါးမွေးတာတွေ ခေတ်စားလာခဲ့တာ နောက်ပိုင်းမှာ ငါးပြတိုက်ကြီးတွေ၊ ငါးပြခန်းကြီးတွေ ကမ္ဘာတစ်လွှားမှာ အများကြီးရှိနေပြီပေါ့။

**လှပတဲ့ငါးလေးတွေ ကူးခပ်**

၁၈၃၂ခုနှစ်မှာတော့ ပြင်သစ်က ပညာရှင်တစ်ယောက်ကနေပြီး စီးပွားဖြစ်အလှမွေးငါးတွေကို ဘယ်လိုပြုစုမလဲ၊ ဘယ်လိုမွေးမြူသင့်သလဲဆိုတာနဲ့ မျိုးစိတ်တွေကို ဘယ်လိုရှင်သန်အောင် မွေးကြမလဲဆိုတာကို ဖော်ထုတ်တယ်။ သူ့လိုပဲ ဖော်ထုတ်တဲ့သူတွေလည်း အဲဒီကာလတွေမှာ အများအပြားရှိခဲ့တယ်။ နောက်ပိုင်းမှာတော့ ငါးအမျိုးအစားပေါင်းများစွာဟာ လူတွေရဲ့ အိမ်ထဲက အလှမွေးငါးကန်လေးတွေထဲမှာ လှပတဲ့ငါးလေးတွေ ကူးခပ်နေတာကို ကျယ်ကျယ်ပြန့်ပြန့်တွေ့လာကြတော့တာပေါ့။

ငါးကလေးတွေ မွေးမယ်ဆိုရင် ငါးလေးတွေရဲ့ သဘာဝ၊ သူတို့ရဲ့ အကြိုက်နဲ့ သူတို့အစားအစာ၊ သူတို့ ကျန်းမာရေး၊ သန့်ရှင်းရေး၊ သူတို့ အောက်ဆီဂျင် လုံလုံလောက်လောက် ရရှိရေးစတဲ့ အားလုံးကို ကလေးတို့က သတိထားပြီး လုပ်ပေးကြဖို့လိုတာပေါ့။ အလှမွေး ငါးအမျိုးအစားတွေကတော့ အခြားနိုင်ငံတွေမှာ ၁၀၀ ကျော်ရှိတယ်ဆိုပေမယ့် မမတို့နိုင်ငံမှာတော့ အမျိုးအစား ၆၀ လောက်ကိုပဲ မွေးမြူကြတာပါ၊ ကလေးတို့ရေ။ အလှမွေး ငါးလေးတွေက တစ်ကောင်ကို ငွေကျပ် ၂၀၀ ကနေ ၁၅၀၀၀ လောက်အထိ ပေးပြီး ဝယ်မွေးကြရတာ။ တချို့ငါးတွေဆိုရင် ရှားပါးတဲ့အတွက် တစ်ကောင်ကို ငွေကျပ် တစ်သိန်းကျော်တောင် ပေးရတာမျိုးလည်း ရှိပါတယ်။



ရွှေငါး

**တိုက်ငါးလေးတွေလည်းပါ**

တစ်ကမ္ဘာလုံးမှာတော့ အလှမွေးငါးလေးတွေကို မွေးမြူကြတာ တော်တော်ခေတ်စားလာခဲ့ပြီး အဲဒီလို အလှမွေးငါးတွေ၊ ငါးကန်လေးတွေ၊ ငါးစာတွေနဲ့ လိုအပ်တာတွေကို ရောင်းကြဝယ်ကြတာပါ။ တစ်နှစ် တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၇ ဘီလီယံလောက် ရှိတယ်လို့ သိရပါတယ်။ ငါးအမျိုးအစားတွေမှာ ရွှေငါးလေးတွေ၊ ဒေါင်းငါးလေးတွေနဲ့ အခြားအမျိုးအစားအစုံရှိတဲ့အထဲက ကလေးတို့ စိတ်ဝင်စားမယ့်ငါးလေးတစ်မျိုးဖြစ်တဲ့ တိုက်ငါးလေးတွေလည်းပါတာပေါ့။ တိုက်ငါးဆိုတာကတော့ အလှငါးရောင်းတဲ့ဆိုင်တိုင်းမှာရနိုင်ပြီး တော်တော်လေး ဒေါသကြီးတဲ့ ငါးလေးပေါ့။ အရောင်ကလည်း အပြာရောင်၊ ခရမ်းရောင်မျိုးရှိပြီး အမြီးရှည်ရှည်နဲ့ တိုက်ခိုက်တတ်တာ။ သူ့ကို တစ်ကောင်တည်း မွေးနိုင်ပြီး တိုက်ငါးအထီးတွေဟာ သူတို့နေရာကို ကာကွယ်ဖို့အတွက် တစ်ကောင်နဲ့တစ်ကောင်သေတဲ့အထိ တိုက်ကြတာမို့ပါ။ ကဲ - ကလေးတို့လည်း ငါးလေးတွေ မွေးကြည့်ဖို့ စိတ်ကူးလိုက်ပါတော့နော်။ ။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး လှူဒါန်းသည့်ပစ္စည်းများကို လက်ခံရယူသည်။

လှူဒါန်းသောပစ္စည်းများမှာ Genernal Enterprises Garment ကုမ္ပဏီလီမိတက်နှင့် Grand Enterprises Garment ကုမ္ပဏီလီမိတက်တို့က ကျပ်သိန်း ၆၀၀ တန်ဖိုးရှိ PPE ဝတ်စုံ ၃၀၀၀၊ Mind Meditation အဖွဲ့အစည်းက ကျပ်သိန်း ၂၁၀ တန်ဖိုးရှိ နှာခေါင်းစည်း အခုရေ ၁၅၀၀၀ နှင့် ရော်ဘာလက်အိတ် အစုံ ၅၀၀၀၀၊ EY UT လီမိတက်က ကျပ်သိန်း ၁၅၀၊ သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်က ကျပ် ၁၀၁ သိန်းကျော် တန်ဖိုးရှိ အသက်ရှူစက်နှင့် နှာခေါင်းစည်း အခု ၁၀၀၀ အပါအဝင် ရောဂါကာကွယ်ရေးသုံးပစ္စည်းများ၊ တရုတ်-မြန်မာ ယဉ်ကျေးမှုနှင့် စီးပွားရေးစင်တာ(CMCEEC)နှင့် Golden Legend ကုမ္ပဏီအုပ်စုက ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခုရေ ၂၀၀၀၀၊ Gold Emperor (Myanmar) ကုမ္ပဏီလီမိတက်က ကျပ် ၂၂ သိန်း တန်ဖိုးရှိ နှာခေါင်းစည်း အခုရေ ၁၀၀၀၀၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က ကျပ် ၁၅ သိန်း တန်ဖိုးရှိ ငွေဖြည့်ကတ်များ၊ မြန်မာ့ဗွဲကုမ္ပဏီက ကျပ် ၁၄ သိန်းကျော် တန်ဖိုးရှိ နှာခေါင်းစည်း အခု ၁၀၀၀ နှင့် Hand Gel ဘူး ၉၀၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် Global Technology Group ကလည်း ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကျပ်သိန်း ၂၀ တန်ဖိုးရှိ နှာခေါင်းစည်း အခုရေ ၅၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်

# မြောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်းဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများက မေ ၂၈ရက်တွင်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ကုန်းကျေးရွာနှင့် ဆက်သွယ်ထားသော ဆင်လှောင်-မြစ်သာ- မြစ်ဆုံ- မင်းလှ- ငါးရန့်အို- ပန်းညိုလမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ တံတားသည် အရှည် ပေ ၁၂၀၊ အကျယ် ပေ ၂၀၊ ယာဉ်သွားလမ်း အကျယ် ၁၈ ပေရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၇၀ ဖြင့် ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တံတားတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သနပ်ကုန်းကျေးရွာ အလယ်ကျောင်းတိုက်၊ အရှေ့ကျောင်းတိုက်နှင့် အနောက်ကျောင်းတိုက်တို့မှ ဆရာတော်များအား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများကပ်လှူကာ အလယ်ကျောင်းတိုက်တွင် စောင်းတန်းဆောက်လုပ်ရန် ကျပ် ၃၀ သိန်းနှင့် ရတနာမာန်အောင်ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံရန် ဘိလပ်မြေအိတ် ၁၀၀ ကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ဘူးများကိုလည်းကောင်း လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်အတွင်းရှိ နဘက်-သောင်ကြီး-မယ်မသော် လမ်းတွင် ဂျင်းခင်းပြီးစီးမှု အခြေအနေ၊ မယ်မသော်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် မြောင်မြို့နယ်နှင့် မြင်းမူမြို့နယ်တို့ကြား ဆက်သွယ်ထားသောလမ်းပေါ်ရှိ တံတားတည်ဆောက်မှု အခြေအနေများကိုလည်း သွားရောက်စစ်ဆေးခဲ့သည်။

ထွန်းကိုကို(ယင်းမာပင်)



တံတားဆောက်လုပ်ရေးလုပ်ငန်း အခြေအနေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်အား ရှင်းလင်းတင်ပြစဉ်

# တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးပြုလုပ်

**ထားဝယ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏(၃/၂၀၂၀) အစည်းအဝေးကို မေ ၂၉ ရက်က ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် တက်ရောက်သည်။

ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းရှင်များအား သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်အပြင် လိုင်စင်အသစ်လဲလှယ်ခြင်းများအတွက် ငွေပေးဆောင်ရခြင်းကို တစ်နှစ်ကင်းလွတ်ခွင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် ချေးငွေထုတ်ပေးမှုတွင်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ် ရှစ်လုံးနှင့် စားသောက်ဆိုင်လုပ်ငန်း ခြောက်ခုတို့ ချေးငွေထုတ်ယူခွင့် ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ကျဆင်းလျက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများကိုလည်း ကိုဗစ်-၁၉ အလွန် ကာလတွင် ဖွင့်လှစ်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနက အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုများ လျော့ပါးရေးအတွက် အတတ်နိုင်ဆုံး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်နှင့် ဟိုတယ်နှင့် တည်းခိုရိပ်သာများဖွင့်လှစ်ရန် တင်ပြလာမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်က ယခင်ပြုလုပ်ခဲ့သော (၂/၂၀၂၀)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လျှောက်ထားလာမှု အခြေအနေများအကြောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ခရိုင်ပြန်/ဆက်)

# မယ်စဲ့မြို့နယ်အတွင်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ မေ ၃၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာနနှင့် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနတို့၏ ဝန်ကြီး ဦးခင်မောင်ဖြူက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၉ ရက်က ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် နမ့်မန်းစစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နေ့စဉ် စစ်ဆေးဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံမှ နေရပ်ပြန်များအား လက်ခံနေမှုနှင့် ကျန်းမာရေးစစ်ဆေးပေးနေမှု အခြေအနေ၊ မယ်စဲ့မြို့ရှိ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း အခြေအနေများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မယ်စဲ့မြို့နယ် ဦးစီးမှူးရုံး၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃)လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ မယ်စဲ့-ဟိုစဲ့-ဘီပီ(၁၄)လမ်းကို မူလအကျယ် ၁၂ ပေမှ ၁၈ ပေ ကတ္တရာလမ်းအဖြစ် တိုးချဲ့နေသည့် အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး လက်ရှိအချိန်သည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)

# သထုံမြို့နယ်သို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကန့်သတ်ထားရှိမည့် နေရာသုံးခုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**သထုံ မေ ၃၀**

ပြည်ပနိုင်ငံများမှ နေရပ်ပြန်လာကြသူများအား သီးသန့်ထားရှိ၍ အသွားအလာကန့်သတ် စောင့်ကြည့်ရန် မွန်ပြည်နယ် သထုံမြို့နယ်အတွင်း နေရာများ စီစဉ်ထားရှိမှု အခြေအနေကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက မေ ၂၉ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

သထုံမြို့နယ်တွင် မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ကြာပန်းကျေးရွာရှိ စက်မှုသင်တန်းကျောင်းနှင့် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်တို့၌ ပြည်ပနိုင်ငံများမှ ပြန်လာကြသူများအား ထားရှိရန် ပြင်ဆင်နေပြီး စုစုပေါင်း လူဦးရေ ၃၇၀ ကျော် ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရာသုံးခုသို့ သွားရောက်စစ်ဆေးရာတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် တာဝန်ရှိသူများက စခန်းများ၌ ကျန်းမာရေး၊ လုံခြုံရေးနှင့် စားသောက်နေထိုင်မှု၊ ရေ/မီး တပ်ဆင်ထားရှိမှု၊ သန့်စင်ခန်းများ ပြင်ဆင်ထားရှိမှုနှင့် စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါ နေရာသုံးခုတွင် ဒေသအသီးသီးမှ နေရပ်ပြန်လာသည့် ပြည်သူများအား ၂၁ ရက်ကြာ အသွားအလာကန့်သတ်၍ သီးသန့်ထားစောင့်ကြပ်ကြည့်ရှုရန် မကြာမီအချိန်အတွင်း စတင်ထားရှိတော့မည်ဖြစ်ရာ လိုအပ်သည်များကို ပြည့်စုံစွာ စီစဉ်ထားကြစေလိုကြောင်း၊ တင်ပြကြသော လိုအပ်ချက်များနှင့်ပတ်သက်၍လည်း ဖြည့်စွက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ စခန်းသုံးခုမှ တာဝန်ရှိသူများအား ပြောကြားသည်။

သက်ဦး(သထုံ)



သီးသန့်ထားစောင့်ကြည့်မည့်နေရာ ပြင်ဆင်ထားမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကြည့်ရှုစစ်ဆေးစဉ်

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံခြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃,၇၅၀.၅၀၀ | | ၂၂၀.၀၀၀ | | | | | | ၃,၉၇၀.၅၀၀ |
| ၂ | ၃ | ပြည်ထဲရေး | ၎င်း | ၉,၆၉၇.၄၆၁ | | ၇.၁၉၄ | ၅,၅၈၂.၅၈၃ | | ၈၆၆.၀၃၅ | | | ၁၆,၁၅၃.၂၇၃ |
| ၃ | ၄ | ကာကွယ်ရေး | ၎င်း | ၆၁,၁၃၀.၃၄၀ | | | ၁၂၅,၉၅၈.၆၄၅ | | | | | ၁၈၇,၀၈၈.၉၈၅ |
| ၄ | ၅ | နယ်စပ်ရေးရာ | ၎င်း | ၄၀၉.၆၂၇ | | ၂,၂၅၀.၀၀၀ | ၂,၆၃၇.၉၂၈ | | | | | ၅,၂၉၇.၅၅၅ |
| ၅ | ၇ | ပြန်ကြားရေး | ၎င်း | ၃၁၇.၀၅၉ | | | ၇.၆၉၀ | | | | | ၃၂၄.၇၄၉ |
| ၆ | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၎င်း | ၈၉၈.၃၈၇ | | | | | | | | ၈၉၈.၃၈၇ |
| ၇ | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | ၁,၆၁၆.၀၇၈ | | ၈၀.၀၀၀ | ၃၅၁.၂၁၈ | | | | | ၂,၀၄၇.၂၉၆ |
| ၈ | ၁၀ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၆,၀၄၇.၈၅၉ | ၁၉၇.၀၅၂ | ၇,၀၅၆.၇၃၀ | ၁၆,၃၅၄.၉၈၉ | | ၂၇၃.၃၄၆ | | | ၂၉,၉၂၉.၉၇၆ |
| ၉ | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | ၁,၆၉၉.၇၉၂ | | | ၅၇၀.၃၁၈ | | | | | ၂,၂၇၀.၁၁၀ |
| ၁၀ | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၅၉၅.၀၅၄ | | ၁၂၆.၂၉၂ | ၁,၀၁၈.၇၂၆ | | | | | ၁,၇၄၀.၀၇၂ |
| ၁၁ | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | ၆၂၆.၀၃၉ | | | ၂,၈၆၇.၃၃၆ | | | | | ၃,၄၉၃.၃၇၅ |
| ၁၂ | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၂၁၈.၄၁၂ | ၂၁၁.၃၃၃ | | ၄,၉၀၂.၉၉၀ | | | | | ၅,၃၃၂.၇၃၅ |
| ၁၃ | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၅၀.၃၃၉ | ၀.၂၀၁ | | ၁၄၉.၀၅၀ | | | | | ၁၉၉.၅၉၀ |
| ၁၄ | ၁၇ | ပညာရေး | ၎င်း | ၄၇,၄၄၂.၂၃၃ | | ၁၃.၉၅၇ | ၇၁,၀၀၂.၅၆၀ | | | | | ၁၁၈,၄၅၈.၇၅၀ |
| ၁၅ | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၂၀,၂၄၅.၂၄၃ | | | ၇၄,၁၂၂.၂၂၃ | | | | | ၉၄,၃၆၇.၄၆၆ |
| ၁၆ | | စီမံကိန်းဘဏ္ဍာရေးနှင့်စက်မှု | ၎င်း | ၁၄၀,၀၅၈.၀၃၇ | | ၂၅,၉၀၅.၂၀၇ | ၇၇၂.၇၃၈ | | | | | ၁၆၆,၇၃၅.၉၈၂ |
| ၁၇ | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | ၁၉၀.၈၇၀ | | | | | | | | ၁၉၀.၈၇၀ |
| ၁၈ | ၂၁ | ဆောက်လုပ်ရေး | ၎င်း | ၃၃၈.၃၈၉ | | | ၄၃,၃၀၅.၀၉၀ | | | | | ၄၃,၆၄၃.၄၇၉ |
| ၁၉ | ၂၂ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၃၈,၂၃၇.၉၉၁ | | ၁,၁၂၂.၁၀၀ | ၂,၄၁၈.၅၇၄ | | | | | ၄၁,၇၇၈.၆၆၅ |
| ၂၀ | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၉၆.၅၄၀ | | | ၆၅.၂၄၀ | | | | | ၁၆၁.၇၈၀ |
| ၂၁ | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ | ၎င်း | | | ၅၉,၅၁၇.၉၀၂ | | | | | | ၅၉,၅၁၇.၉၀၂ |
| | | ပေါင်း | | ၃၃၃,၆၆၆.၂၅၀ | ၄၀၈.၅၆၆ | ၉၆,၂၉၉.၃၈၂ | ၃၅၂,၀၈၇.၈၉၈ | | ၁,၁၃၉.၃၈၁ | | | ၇၈၃,၆၀၁.၄၇၇ |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | ၂၂၈,၅၈၃.၃၁၉ | | | ၂၂,၄၅၇.၃၆၂ | | | | | ၂၅၁,၀၄၀.၆၈၁ |
| ၂ | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၁၆,၄၁၈.၇၃၃ | | | ၃,၁၂၅.၈၀၀ | | | | | ၁၁၉,၅၄၄.၅၃၃ |
| ၃ | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁,၁၃၆,၁၂၂.၈၆၃ | | | ၃,၁၅၃.၈၀၅ | | | | | ၁,၁၃၉,၂၇၆.၆၆၈ |
| ၄ | | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၀၁,၁၂၂.၈၅၅ | | | ၂,၅၇၀.၅၆၀ | ၈၇,၇၁၈.၁၀၃ | | | | ၁၉၁,၄၁၁.၅၁၈ |
| | | ပေါင်း | | ၁,၅၈၂,၂၄၇.၇၇၀ | | | ၃၁,၃၀၇.၅၂၇ | ၈၇,၇၁၈.၁၀၃ | | | | ၁,၇၀၁,၂၇၃.၄၀၀ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၅,၂၂၇.၉၈၀ | | | | | | | | ၂၅,၂၂၇.၉၈၀ |
| ၂ | ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | | ၃,၅၁၇.၆၄၁ | | | | | ၃,၅၁၇.၆၄၁ |
| ၃ | ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | | | | ၁,၇၄၄.၁၈၄ | | | | | ၁,၇၄၄.၁၈၄ |
| | | ပေါင်း | | ၂၅,၂၂၇.၉၈၀ | | | ၅,၂၆၁.၈၂၅ | | | | | ၃၀,၄၈၉.၈၀၅ |

*(ဆက်လက်ဖော်ပြပါမည်)*

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ဒေသအလိုက်သင့်တော်သည့် စိုက်ပျိုးနည်းများစွာရှိသည့်အနက် ပြောင်းလဲလျက်ရှိသော ရာသီဥတုနှင့်အညီ ရေနှင့် လုပ်သားလိုအပ်ချက်ကို လျှော့ချရွေ့တာနိုင်မည့် အောက်ပါစပါး စိုက်ပျိုးနည်းတစ်ခုကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

**စပါးတိုက်ရိုက်မျိုးစေ့ချ (အစို) စိုက်ပျိုးနည်း (Wet Direct Seeding)**

စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုလျော့နည်းစေပြီး လုပ်သားနှင့် ရေလိုအပ်ချက် နည်းနည်းဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ စီးပွားရေးတွက်ခြေကိုက်စေသည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။

**စပါးတိုက်ရိုက်မျိုးစေ့ချ (အစို) စိုက်ပျိုးနည်း**
**Wet Direct Seeding**



ရေကြီးကွင်း ရေနက်ကွင်းများနှင့် သဲဆန်ကုန်းကြောဒေသများတွင် စိုက်ပျိုးနိုင်သောနည်းဖြစ်သည်။ စပါးတိုက်ရိုက် မျိုးစေ့ချ (အစို) စိုက်ပျိုးနည်းသည် မြန်မာနိုင်ငံ၌ နွေစပါးစိုက်ပျိုးရာတွင် အဓိက အသုံးပြုကြပြီး မိုးစပါးစိုက်ပျိုးရာတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် ရေမဝင်ရောက်မီ ကြိုတင်စိုက်ပျိုးလေ့ရှိပါသည်။

**တိုက်ရိုက်မျိုးစေ့ချ(အစို)စိုက်ပျိုးနည်း၏ အကျိုးကျေးဇူးများ**

- ✔ ပျိုးနုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ လုပ်ငန်းများ လုပ်ဆောင်ရန် မလိုအပ်ခြင်းကြောင့် ကုန်ကျစရိတ် သက်သာစေပါသည်။
- ✔ ပြောင်းရွှေ့စိုက်ပျိုးခြင်း မပြုလုပ်ရသည့်အတွက် အပင်ထိခိုက်မှုမရှိစေပါ။
- ✔ အစိုမျိုးစေ့ချစိုက်ပျိုးခြင်းသည် အခြောက်မျိုးစေ့ချ စိုက်ပျိုးခြင်းထက် အပင်ပေါက်ရောက်ဖြစ်ထွန်းမှု သေချာစေပါသည်။
- ✔ မြေဆီလွှာရုပ်ဂုဏ်သတ္တိကို တိုးတက်ကောင်းမွန်စေပါသည်။
- ✔ မျိုးတူပါက ပျိုးထောင်စိုက်ပျိုးခြင်းထက် ရိတ်သိမ်းချိန် (၇-၁၀) ရက်ခန့် စောနိုင်ပါသည်။

**၁။ စပါးမျိုးရွေးချယ်ခြင်း**

- ✔ ရာသီဥတုဒဏ်ခံနိုင်သည့် အပင်ပေါက်စွမ်းအား ကောင်းပြီး၊ အထွက်ကောင်း မျိုးသန့်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။

**၂။ မြေပြုပြင်ခြင်း**

- ✔ စိုက်ခင်းအား ပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့်ထွန်ရေးညက်ညက်ထွန်ယက်ပါ။
- ✔ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခံမြေဩဇာထည့်သွင်း၍ ကြမ်းတုံးရိုက် မြေညှိပါ။
- ✔ စိုက်ခင်းသမန်း မြေညီညာပြီး ရေပြောင်စင်အောင် ထုတ်ပြီးမှ စိုက်ပျိုးရမည်။ (စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်ထားရမည်။)

**၃။ မျိုးစေ့ချခြင်း**

- ✔ တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၁.၀ – ၁.၅ ) တင်း အသုံးပြုရမည်။
- ✔ စပါးစေ့များကို (၂၄) နာရီကြာ ရေစိမ်၍ ရေပေါ်ပေါ်သော မျိုးစေ့များကို ဖယ်ရှားကာ (၂၄) နာရီကြာ မျိုးအုပ်ရမည်။



- ✔ မျိုးစပါးကို စာပါးစပ်ပြူအနေအထားတွင် ကြဲပက်၍သော် လည်းကောင်း၊ ကြိုးတန်းဆွဲ၍ အတန်းလိုက် မျိုးစေ့ချ၍သော် လည်း ကောင်း မျိုးစေ့ချရမည်။
- ✔ မျိုးစေ့ချပြီးချိန်မှ (၅)ရက်အတွင်း ကြွက်၊ ငှက်၊ တိရစ္ဆာန်တို့၏ ဖျက်ဆီးခြင်းမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်။

**၄။ မြေဩဇာကျွေးခြင်း**

- ✔ တစ်ဧကအတွက် မြေခံအဖြစ် သဘာဝမြေဩဇာ/နွားချေးဆွေး လှည်း ၅ စီးခန့်နှင့် (၁၅-၁၅-၁၅) ကွန်ပေါင်းမြေဩဇာ (၅၀) ကီလိုဂရမ် တစ်အိတ် အသုံးပြုပါ။
- ✔ ပုလဲဓာတ်မြေဩဇာအား အပင်ပွားစီးချိန်နှင့် အနှံမထွက်မီ ၅ ရက် အလိုတွင် အိတ်ဝက်စီ (တစ်အိတ်/ကေနှုန်း)
- ✔ မှို့ကပ်ချိန်တွင်ပိုတက်ရှ်မြေဩဇာတစ်ဧက တစ်စိတ် (၁/၄ အိတ်)/ ကေနှုန်း ထည့်သွင်းပေးပါ။
- ✔ နိုက်ဒရိုဂျင်ဓာတ်မြေဩဇာကို (၂)ကြိမ် ခွဲထည့်ပေးပါ။



- ✔ ကောက်ရိုး၊ နှမ်းရိုး၊ စပါးခွံစသည့် သီးနှံအကြွင်းအကျန်များနှင့် နွားချေးတို့ကို မြေဆွေးပြုလုပ်၍ မြေပြင်ချိန်တွင် ထည့်ပါက အပင်၏ အနည်းလို အာဟာရဓာတ်များကို ပံ့ပိုးပေးသည့်အပြင် မြေ၏ ရေထိန်းစွမ်းအားကိုပါ တိုးတက်စေသည်။
- ✔ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေဆီလွှာစမ်းသပ် စစ်ဆေး၍ ထောက်ခံချက်ပေးထားသော နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုသင့်ပါသည်။

**၅။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း**

- ✔ ရေသွင်းရေထုတ်ကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။
- ✔ မှို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေလုံလောက်စွာ ရရှိရန် လိုပါသည်။
- ✔ ရိတ်သိမ်းရာတွင် လွယ်ကူစေရန် ပန်းပွင့်စုံပြီးနောက် (၂၀-၂၅) ရက် အတွင်း ရေထုတ်ပေးရပါမည်။

**၆။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း**

ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက် ပေါင်းနှိမ်နင်းရန် လိုအပ်ပါသည်။

- ✔ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်များအား နှိမ်နင်းနိုင်သည်။
- ✔ လက်ဖြင့်ဖြစ်စေ၊ ကြားပေါင်းလိုက်ကိရိယာဖြင့်ဖြစ်စေ ပေါင်းမြက်



နှိမ်နင်းခြင်းကို အပင်ပေါက်ပြီး (၁)ပတ်မှ (၁)လအတွင်း ဆောင်ရွက်ရပါမည်။



- ✔ ပေါင်းပင်အမျိုးအစားပေါ် မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာအသုံးပြုပါ။

**၇။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း**

- ✔ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု ရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ။
- ✔ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာနေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။
- ✔ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိချုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်နိုင်ပါသည်။


**၈။ ရိတ်သိမ်းခြင်း**

- ✔ စပါးနှံ၏ (၈၀-၈၅)ရာခိုင်နှုန်း ရင့်မှည့်ချိန် (မောင်းညိုချိန်) တွင် အလေ အလွင့်အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့၍ အခြောက်ခံပါ။
- ✔ စပါးအစိုဓာတ်သည် မျိုးအတွက် (၁၃)ရာခိုင်နှုန်းနှင့် စားသုံးမည့် စပါး အတွက် (၁၄) ရာခိုင်နှုန်း လိုအပ်ပါသည်။





## ကမ္ဘာ့ရေးရာ အမှတ်(၈) ထွက်ရှိ




နှစ်လတစ်ကြိမ်ထုတ် ကမ္ဘာ့ရေးရာ (Global Affairs) အမှတ်-၈၊ ဇွန် ၂၀၂၀ ထွက်ရှိလာသည်။

On the Cover အတွက် 'စမတ်ဗိုင်းရပ်စ်နဲ့ new normal ၊ လူသတ်ကောင်ကို စိတ်ဖြာကြည့်ခြင်း၊ ကိုဗစ်-၁၉ အဆိုးအကောင်း အလင်းအမှောင်' ဆောင်းပါးရှည်သုံးပုဒ်ကို အထူးဖော်ပြထားသည်။

World Orderအတွက် ကပ်ဘေးအလွန်ကမ္ဘာ့အစီအစဉ်နှင့် အာရှရာစုသစ်၊ ကမ္ဘာ့အစီအစဉ်ကို ပြန်လည်ပုံဖော်ပေးနိုင်သည့် ကိုရိုနာဗိုင်းရပ်စ်၊ မတူတဲ့စနစ်နှစ်မျိုး၊ World Economy အတွက် ရေနံဈေးနှုန်းနှင့် ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲများ၊ ကမ္ဘာနာ၊ ကိုဗစ်-၁၉နဲ့ မညီမျှမှု၊ ဒစ္စနေလန်းရဲ့ဘုရင်ဘော့(ဘ်)အစ်ဂါ၊

Opinionအတွက် ဘီလ်ဂိတ်စ်ရဲ့ခန့်မှန်းချက်၊ ကပ်ဘေးရောဂါနှင့် ငြိမ်းချမ်းရေးအလားအလာ၊ အကျပ်အတည်းနှင့် သမိုင်းအလှည့်အပြောင်း၊ ကပ်ဘေးအလွန် ဘာတွေဖြစ်လာနိုင်သလဲ ပညာရှင်-၁၂ဦးရဲ့အမြင်၊ Case Study အတွက် တောင်ကိုရီးယား ကိုရိုနာဗိုင်းရပ်စ် အရှိန်ကျအောင် ဘယ်လိုလုပ်ခဲ့သလဲ၊ ကိုဗစ်တိုက်ဖျက်ရေး တရုတ်တို့၏အတွေ့အကြုံမှရခဲ့သည့် သင်ခန်းစာ(၈)ချက်၊ မလေးရှားရဲ့ မလေးဖတ်စ်ပေါ်လစီ၊

Migration and Third World အတွက် ချမ်းသာတဲ့နိုင်ငံများကို ကယ်တင်မယ့် ပြောင်းရွှေ့အခြေချအလုပ်သမားများ၊ ဘင်္ဂလားဒေ့ရှ် အထည်ချုပ်အလုပ်သမားများရဲ့ ရုန်းကန်လှုပ်ရှားမှု၊ ဆင်းရဲတဲ့နိုင်ငံတွေကို ကြေမွပျက်စီးစေနိုင်တဲ့ ကိုရိုနာဗိုင်းရပ်စ်၊ America ကဏ္ဍတွင် ဂျက်ဖရီဆာ့ချ်ပြောတဲ့ အမေရိကရဲ့ ဗိုင်းရပ်စ် အပေါ် တုံ့ပြန်မှုအလွဲများ၊ မီဒီယာနဲ့ သိပ္ပံအပေါ် ယုံကြည်မှုကို ဖျက်ဆီးခြင်းက အမေရိကအတွက် အန္တရာယ်ပိုများ၊

Nationalism and Autocracy အတွက် သင့်ဦးနှောက်ကပြောပြတဲ့ အမျိုးသားရေးဝါဒ၊ လူသန်ကြီးရဲ့အားနည်းချက်၊ ရုရှားသို့အချစ်များစွာဖြင့်၊ ဗလာဒီမာပူတင်ဘာကြောင့်မနားနိုင်သေးတာလဲ၊ Literature အတွက် မြို့လုံးမင်းတုပ်ချချိန်နှင့် ရိုတ်စပီးယားစသည့် ဆောင်းပါးများ ပါဝင်သည်။

အေးမောင်ကျော်၊ ဒေါက်တာအောင်ကြီး၊ လင်း(ဆေး-၁)၊ ရဲထွန်း(သီပေါ)၊ ရဲရင့်လင်းလက်၊ Z-ဖေဝင်း၊ အောင်ကျော်အေးချမ်း၊ မိုးဇော်ဦး၊ ရဲမြင့်ကျော်၊ မင်းတင်၊ ထူးကျော်ဝင်း၊ ကျော်နိုင်တင့်၊ လူလေးဝိုင်း၊ မောင်ရိုးမြင့်၊ မောင်တင်ထွန်း(နတ်မောက်)၊ ဝင်းထက်၊ မောင်သံလွင်၊ မောင်သုတ၊ ခင်သူဇာတို့ ပါဝင်ရေးသားထားသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ်၊ ကမ္ဘာ့ရေးရာကိုနှစ်လတစ်ကြိမ်၊ တိုင်းရင်းသားရေးရာကို လေးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့်တစ်ဦးချင်း မှာယူလိုသူများအတွက် ဓူဝံစာပေ အမှတ်၂၁၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှတစ်ဦးချင်းမှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းစည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များသို့ နေ့ချင်းအရောက်ပေးပို့သွားမည်။ စာပေဗိမာန်အရောင်းဆိုင်များ(နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်အရောင်းဆိုင်(ရန်ကုန်)တို့တွင်လည်း ဝယ်ယူနိုင်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈**

**ဓူဝံစာပေ ဖုန်း -၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂**

**Email: myanmaaffaris@gmail.com, duwunsarpay31apperst@gmail.com:**

## ကုန်အမှတ်တံဆိပ်အသိပေးကြော်ငြာချက်

ရခိုင်ပြည်နယ်၊ပုဏ္ဏားကျွန်းမြို့၊ ရွာဟောင်းရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၄၅၆)နေ ဦးသာထွန်းအေး(ဘ)ဦးစိန်ရွှေမောင် ၁၁/ပဏတ(နိုင်)၀၃၃၁၉၇ က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရခိုင်ပြည်နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ ရေသန့်အမှတ်တံဆိပ်ကိုအသုံးပြု၍ သောက်ရေသန့်(၂၀) လီတာဘူးကို ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားကို ထည့်သွင်းထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း စသည့် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး ပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အဆိုပါ တားမြစ် ချက်ကို လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ) ကန့်ကွက်လိုပါက သတင်းစာတွင်ပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသာထွန်းအေး ၁၁/ပဏတ(နိုင်)၀၃၃၁၉၇**

**ဖုန်း-၀၉-၄၂၁၇၄၆၆၃၉**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ- ၆)၊ ဦးပိုင်(၂၇)၊ ၆၈x၆၉ လမ်းကြား၊ သာယာဝတီမင်းကြီးxပျူစောထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၂၁၉/၂၀၁၇ ဖြင့် ဝယ်ယူခဲ့သူ ဦးစိန်မင်း(ခ)ဦးတူးတူး ၉/မရမ(နိုင်)၀၅၁၀၆၁၊ ဒေါ်ဇာခြည်စိုး ၁/မညန(နိုင်)၀၈၀၈၃၁ တို့က သက်တမ်းတိုး၊အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင်"ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့် စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ဂရန်စာချုပ်မူရင်းပြန်လည် တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည်ပျက်ပြယ်သည်။"ဟူသောမင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁)၊ ဦးပိုင်အမှတ်(၆၀)၊၇၂ x ၇၃ လမ်းကြား၊ ဇော်ဂျီxကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်အုန်းမြင့် ၉/မရတ(နိုင်)၀၁၁၁၁၈ က ဂရန်မိတ္တူဖြင့် သက်တမ်းတိုး လျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင်"တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံတောဂရန်နှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည်ပျက်ပြယ်သည်"ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍သားရေဖုံးဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၂)ရပ်ကွက် မဟာဗောဓိလမ်း အိမ်အမှတ်(၆)နေ ဒေါ်မြကျင် ၁၂/သခန(နိုင်)၀၀၇၅၈၈ ၏ သားကြီး မောင်သန်းထိုက် ၁၂/သခန(နိုင်)၀၀၇၅၉၂သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြကျင်**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်အမှတ်(၆၁-က)၊ မြတ်လေးနှင့်ပိတောက်လမ်းကြား၊၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဦးဒီဘိုးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၅၈၉/၂၀၁၅)ဖြင့် ဇနီးဒေါ်စိန်ဟန်မှ အမွေဆက်ခံခဲ့ပြီး(မိခင်) ဒေါ်စိန်ဟန်ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်သော ဦးညွန့်ဝေ ၉/မနတ(နိုင်) ၀၂၇၆၇၀၊ ဒေါ်သန်းသန်းအေး ၉/မနတ(နိုင်) ၀၂၇၅၄၂၊ဦးညွန့်ဆွေ ၉/မနမ(နိုင်) ၀၁၃၁၉၆၊ဒေါ်သန်းသန်းထွေး ၉/မနတ(နိုင်)၀၇၂၉၃၃၊ ဦးသက်နိုင် ၉/မနတ(နိုင်) ၀၂၇၈၉၄၊ ဒေါ်သင်းသင်းနွယ် ၉/မနတ(နိုင်)၀၂၇၉၃၃၊ ဦးသက်ခိုင်ဦး ၉/မနတ(နိုင်) ၀၂၇၉၃၄တို့က မြေကွက်၏မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ တောဂရန်မူရင်းတို့ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊အကွက်အမှတ် (ညည-၅၃)၊ ဦးပိုင်အမှတ်(၆၄)၊၅၃x ၅၄ လမ်းကြား၊ ဗညားဒလလမ်းနှင့် သမိန်ဗရမ်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းစိုးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၈၁၄/၂၀၂၀ဖြင့် ဝယ်ယူခဲ့သူ ဦးချိုမောင်စန်း ၉/မရမ(နိုင်) ၀၂၆၆၁၇က အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည်ပျက်ပြယ်သည်။ "ဟူသော မင်နီမှတ်ချက် ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

